ကတညုတာ စတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၉)

ဂုဏ်ယူဝမ်းမြောက်ဖွယ်သတင်းကောင်း

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံမှ ဆေးပညာရှင်များအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်ခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်က ဂုဏ်ပြုမှတ်တမ်းတင်သည့်နည်းတူ နိုင်ငံနှင့် လူမျိုးအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်သတင်းကောင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဆေးပညာအဖွဲ့ ဖွဲ့စည်း ဆေးပညာဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတွင်ပူးပေါင်းပါဝင်

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အငြိမ်းစား ဆေးပညာရှင်များနှင့်တာဝန်ထမ်းဆောင်ဆဲဆေးပညာရှင်များအနေဖြင့် ၎င်းတို့၏ကျယ်ပြန့်သောအသိပညာနှင့်တန်ဖိုးရှိသော အတွေ့အကြုံများကိုအခြေပြုကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးနှင့် ဆေးပညာဖွံ့ဖြိုးတိုးတက်ခေတ်မီစေရေးတွင် ပူးပေါင်းပါဝင်နိုင်ကြရန်အတွက် ဆေးပညာရှင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန်လမ်းညွှန်မှုပြုခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဖြစ်ထွန်းပေါ်ပေါက်လာသည်မှာ ယနေ့ဆိုလျှင် လေးနှစ်ခွဲကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

အထောက်အကူပြု

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့သည် စတင်ဖွဲ့စည်းပေးခဲ့သည်မှစ၍ ယနေ့တိုင် ရှင်သန်လှုပ်ရှားလျက် နိုင်ငံတော်၏ ဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် အထောက်အကူများစွာ ပြုလျက်ရှိသည်။

ပါဝင်ပူးပေါင်း

နိုင်ငံတော်ကအလေးထားဆောင်ရွက်နေသည့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့သည် အဖွဲ့အနေဖြင့်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့်လည်းကောင်း ပါဝင်ပူးပေါင်းဆောင်ရွက်နေသည်။ *စာမျက်နှာ ၁၀ ကော်လံ ၄* ✡

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၅ ရက် ညနေပိုင်းက အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသအောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာစွာ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သွားရောက်ကြည့်ရှုအားပေး မြန်မာ့ဆေးလောက၏အောင်မြင်မှု နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ရောက်ရှိလာပြီး ဆေးရုံသစ်ကြီးခွဲစိတ်ခန်း၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သောခွဲစိတ်အထူးကုဆရာဝန်ကြီးများက အသည်းရောဂါဝေဒနာရှင်အား အသည်းအစားထိုး ခွဲစိတ်ကုသဆောင်ရွက်ပေးမှုကို ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

ကျန်းမာရေးဆိုင်ရာအောင်မြင်မှုမှတ်တိုင်များ ဝမ်းမြောက်ဂုဏ်ယူဖွယ်စိုက်ထူ ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ယခုထက်ပိုမိုအောင်မြင်မှုရအောင်ကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** ဟူသောအချက်ကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်လေးရပ်တွင် ထည့်သွင်းချမှတ်ထားပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးပညာရှင်များ မွေးထုတ်ပေးမည့် ဆေးနှင့်ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကို နိုင်ငံတော်က တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့အပြင် ဆေးဝါးကုသမှု အရည်အသွေးမြင့်မားစွာပေးနိုင်ရန် ခရိုင်အဆင့်ဆေးရုံများ၌ အထူးကုဘာသာရပ်ခြောက်မျိုးအတွက် ခရိုင်အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်း ဆေးရုံကြီးများတွင် အထူးကုဘာသာရပ် ၁၂မျိုးအတွက် ပြည်နယ်နှင့်တိုင်း အထူးကုဆရာဝန်ကြီးများကို တိုးမြှင့်ခန့်ထားပေးခဲ့သည်။

ထို့အပြင် ဆေးရုံကြီးများတွင် ခေတ်မီကုသမှုအထောက်အကူပြု ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် ကုသမှုများ အဆင့်မြင့်မားလာခဲ့သည်။ ခွဲစိတ်ကုသမှုအပိုင်းတွင် ကိုယ်ခန္ဓာချင်းဆက် ခွဲစိတ်ကုသခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းနှင့် အသည်းအစားထိုး ခွဲစိတ်ကုသခြင်းတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ရာ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ၏ ထူးခြားသော အောင်မြင်မှုမှတ်တိုင်များပင် ဖြစ်သည်။

ယင်းကဲ့သို့ ဆေးပညာအောင်မြင်မှုများရရှိနေချိန်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **အငြိမ်းစား ဆေးပညာရှင်များနှင့် တာဝန်ထမ်းဆောင်ဆဲ ဆေးပညာရှင်များ ၎င်းတို့၏ကျယ်ပြန့်သော အသိပညာနှင့် တန်ဖိုးရှိသော အတွေ့အကြုံများကို အခြေပြုကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် ဆေးပညာဖွံ့ဖြိုးတိုးတက်ခေတ်မီစေရေးတွင် ပူးပေါင်းပါဝင်ကြရန် ဆေးပညာရှင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန်** လမ်းညွှန်မှုပေးခဲ့သည်။ ယခုအခါ ဆေးပညာရှင်များ၏ ကြိုးပမ်းမှုများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အောင်မြင်စွာ အထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ဆေးပညာ အောင်မြင်မှုသမိုင်းကို ပြန်ပြောင်းကြည့်လျှင် ကိုယ်ခန္ဓာပူးတွဲအမြွှာ ခွဲစိတ်ကုသခြင်းကို ၁၉၆၀ပြည့်နှစ်က စတင်ပြုလုပ်နိုင်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် မန္တလေးမြို့၌ ခါးတင်ပါးဆုံအထိ ပူးတွဲနေသော အမြွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်တို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

ယခုတစ်ဖန် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဩဂုတ် ၂၅ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။ ခွဲစိတ်ကုသရာသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည့်အပြင် အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံမှဆေးပညာရှင်များ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသအောင်မြင်ခဲ့ခြင်းအတွက် နိုင်ငံတော်က ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည့်နည်းတူ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းတစ်ရပ်ပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ထူးခြားသော အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့မှုများနှင့်အတူ နိုင်ငံတော်က အားပေးကူညီ ပံ့ပိုးပေးမှုများကိုရယူ၍ အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာအောင်မြင်မှုမှတ်တိုင်များ ယခုထက်ပိုမိုစိုက်ထူနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၇–၈–၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Keynesion Policy Applied to the Economy (ပြည်သူ့ရေးရာ)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း–၂၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ)(အပိုင်း–၉)

လမ်း(၅၀)ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် လမ်း(၅၀) (အောက်လမ်းသွယ်)ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တမာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဩဂုတ်၃၀ရက်မှ စက်တင်ဘာ ၅ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (တံတား–အထက်မြန်မာပြည်) ဦးဟန်ဇော်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အင်းစိန်မြို့နယ် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ပြုပြင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၆

အင်းစိန်မြို့နယ် ကျက်သရေဆောင် ၁၈တောင် ဉာဏ်တော်အမြင့်ရှိ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ကိုယ်လုံးတော်ပြုပြင်ရန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် သီရိလမ်းနေ ဖောင်တော်ဦးဘုရားကြီး ဒုတိယဥက္ကဋ္ဌ ဦးမြင့်–ဒေါ်စန်းတင်မိသားစု၊ မြို့သစ်(က+ခ)ရပ်ကွက် ခ(၈)လမ်း အမှတ်(၂၈၉)နေ ဦးဝင်းမြင့်(အင်ဂျင်နီယာ)ဒေါ်အေးအေး (အင်ဂျင်နီယာ)မိသားစုတို့က ကျပ် ငါးသိန်းစီ၊ ရွာမအနောက်ရပ်ကွက် မြို့ပတ်လမ်းနေ ဖောင်တော်ဦးဘုရားကြီး ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်–ဒေါ်သန်းသန်းမြင့်မိသားစုက ကျပ်တစ်သိန်း၊အင်းစိန်မြို့နယ်သတင်းထောက် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)– ဒေါ်မိမိရီ (အလက–၁၊ အင်းစိန်) မိသားစုက ကျပ်တစ်သောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်သူက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ မတ်ရပ်တော်ဘုရားကြီးအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးမြတ်သူ ဖုန်း–၆၄၂၂၃၁၊ ၆၄၂၂၃၄နှင့် ဦးမြင့် ဖုန်း–၆၄၂၁၆၄၊ ဦးနိုင်အောင် ဖုန်း–၆၄၀၃၁၁နှင့်ဦးမြင့်ရှိန် ဖုန်း–၆၄၃၆၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဩဂုတ် ၂၄ ရက်က လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသိန်းနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်လေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(က–ပ)

ဇလွန်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (ဩဂုတ် ၂၉ ရက်) ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့ ညနေ ၄ နာရီတွင် အသင်းတိုက်တည်ရာ အမှတ် ၇၇ စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုကြသည့် အသင်းသူ အသင်းသားများနှင့် စေတနာရှင်များသည်ဥက္ကဋ္ဌ ဦးလှမြင့် ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ဖုန်း–၅၁၀၀၃၁၊ ၅၁၀၃၆၇ နှင့် ၅၁၀၆၁၇ ၊ အတွင်းရေးမှူး ဦးညွန့်မောင် ဖုန်း–၅၄၀၂၇၀၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဘမြင့်သူ ဖုန်း–၆၁၀၀၀၄ နှင့် ဦးသိန်း ဖုန်း–၅၈၄၁၉၁ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အာဆီယံနိုင်ငံများ သွေးစည်းခိုင်မာရေး

အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာကျင်းပဖို့ ကြိုတင်ပြင်ဆင်လျက် ရှိပါတယ်။ EUဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံသစ် ၁၀နိုင်ငံ တက်ရောက်မှာဖြစ်သလို အာဆီယံအဖွဲ့ဝင်သစ် သုံးနိုင်ငံပါ တက်ရောက်ကြဖို့ဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံအဖွဲ့ဝင်သစ်ဖြစ်တဲ့ မြန်မာနိုင်ငံ တက်ရောက်ခွင့်ကို "EU"ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့က ကန့်ကွက်တယ်လို့ သိရပါတယ်။ အခုလိုကန့်ကွက်ရတာဟာ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်မလာလို့ဆိုပြီး အကြောင်းပြပါတယ်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်–မတိုးတက်ဆိုတာကို အနောက်ဥရောပဒီမိုကရေစီစံနဲ့ တိုင်းမလား၊ အာရှစံနဲ့တိုင်းမလား၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ အခြေအနေနဲ့ တိုင်းမှာလား၊ လူပုဂ္ဂိုလ်စွဲနဲ့ တိုင်းမှာလား။ အာဆီယံနိုင်ငံများနဲ့ မြန်မာ့အိမ်နီးချင်းနိုင်ငံများကတော့ အနောက်ဥရောပဒီမိုကရေစီစံနဲ့ မတိုင်းဘူး၊ အာရှစံနဲ့တိုင်းပါတယ်။ ပုဂ္ဂိုလ်စွဲနဲ့ မတိုင်းဘူး၊ မြန်မာလူ့အဖွဲ့အစည်းရဲ့ အခြေအနေနဲ့ တိုင်းပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီ ထူထောင်ကူးပြောင်းရေးအပေါ် အပြုသဘော ကြိုဆိုထောက်ခံကြပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအလုပ်စခန်းကို တက်လှမ်းနေပြီ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပပြီး အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာ ပြီးစီးနေပြီ ဖြစ်ပါတယ်။ EUဥရောပသမဂ္ဂနိုင်ငံအချို့က ဒါတွေကို မကျေနပ်နိုင်သေးဘူး။ သူတို့ပြောသလို နာခံရမယ်ဆိုတဲ့ တောင်းဆိုမှုတွေဟာ သူတစ်ပါးပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုသာ ဖြစ်ပါတယ်။ ဒီတောင်းဆိုမှုဟာ အာဆီယံနိုင်ငံများရဲ့ မူဝါဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ အာရှ–ဥရောပ ထိပ်သီး အစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်ခွင့်မပြုဘူးဆိုတဲ့ EUနိုင်ငံတို့ရဲ့ ပိတ်ပင်မှုဟာ အာဆီယံနိုင်ငံချင်းသွေးခွဲမှုလဲ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံချင်းသာ ဆုံးဖြတ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်တာလဲ ဖြစ်ပါတယ်။

ဒီအပေါ် အမြော်အမြင်ကြီးမားစွာ ဆင်ခြင်သိမြင်တဲ့ အာဆီယံခေါင်းဆောင်ကြီးများရဲ့ တုံ့ပြန်မှုကို ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ အာဆီယံသုံးနိုင်ငံခရီးစဉ်မှာ အထင်အရှားတွေ့နေရပါတယ်။ မကြာသေးခင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အဖွဲ့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြတဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ရဲ့ ဖိတ်ကြားချက်အရ ဩဂုတ်လ ၉ရက်၊ ၁၀ ရက်နေ့များတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးအလည် အပတ်သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ အာဆီယံအဖွဲ့ဝင် သုံးနိုင်ငံခေါင်းဆောင်ကြီးများနဲ့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးများ တိုးမြှင့်မှု၊ ဒေသအတွင်းနဲ့ နိုင်ငံတကာရေးရာတို့တွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန် သဘောတူညီမှုများ ရရှိခဲ့ပါတယ်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနဲ့ တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **"မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံကို ထောက်ခံအားပေး၍ ကျေးဇူးတင်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသအတွင်းဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံက ကျန်အဖွဲ့ဝင်နိုင်ငံများနဲ့အတူ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း"**များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ကလဲ **"ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကာလတွင် မြန်မာနိုင်ငံ၏ ကူညီထောက်ခံမှုကို အမြဲသတိရကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် များစွာအားရကျေနပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒများကို မိမိတို့ထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲစေရန် မိမိတို့နှစ်နိုင်ငံ ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ ၂၀၀၆ခုနှစ် အာဆီယံအသင်းဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အာရှ–ဥရောပ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ တက်ရောက်ရေးကို ဗီယက်နမ်နိုင်ငံက ထောက်ခံပါကြောင်း"** ပြောကြားခဲ့ပါတယ်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းကလဲ **"မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး မူဝါဒလမ်းစဉ်များ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း"** ပြောကြားခဲ့ပါတယ်။

ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်ကလဲ **"မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မိမိတို့စာနာ နားလည်မှုရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မည်မျှရင်းနှီးပေးဆပ်ရသည်ကို နားလည်ပါကြောင်း"** ပြောကြားခဲ့ပါတယ်။

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနဲ့ တွေ့ဆုံရာတွင်လဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **"မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဘဝတူများဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်ကြသည့် ညီအစ်ကိုနိုင်ငံများဖြစ်၍ ဒေသအတွင်း ကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားပြီး အပြန်အလှန်ထောက်ခံမှု၊ အကူအညီပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်ကို ယုံကြည်ပါကြောင်း"** ရှင်းလင်းပြောကြားခဲ့ပါတယ်။

လာအိုသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံကလဲ **"မိမိတို့နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိကြောင်း၊ နှစ်နိုင်ငံအကြားဆက်ဆံရာ၌ ထိပ်ဆုံးအကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန်နားလည်မှုများလဲ ရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိကြောင်း"** ပြောကြားခဲ့ပါတယ်။

အောင်မိုးခံ

လာအိုဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်ကလဲ **"ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်၍ ဝမ်းသာပါကြောင်း"** ပြောကြားခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံခေါင်းဆောင်ကြီးများနဲ့ တွေ့ဆုံရာတွင်လဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **"မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာ ဘာသာအရဖြစ်စေ တူညီမှုရှိကြသည့် နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို နားလည်မှုရှိစွာ ထောက်ခံအားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေး ဆက်လက် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း"** ရှင်းလင်းပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်–မတိုးတက်ဆိုတာကို အနောက်ဥရောပဒီမိုကရေစီစံနဲ့ တိုင်းမလား၊ အာရှစံနဲ့ တိုင်းမလား၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ အခြေအနေနဲ့ တိုင်းမှာလား၊ လူပုဂ္ဂိုလ်စွဲနဲ့ တိုင်းမှာလား။ အာဆီယံနိုင်ငံများနဲ့ မြန်မာ့အိမ်နီးချင်း နိုင်ငံများကတော့ အနောက်ဥရောပ ဒီမိုကရေစီစံနဲ့ မတိုင်းဘူး၊ အာရှစံနဲ့ တိုင်းပါတယ်။ ပုဂ္ဂိုလ်စွဲနဲ့ မတိုင်းဘူး၊ မြန်မာလူ့အဖွဲ့အစည်းရဲ့ အခြေအနေနဲ့ တိုင်းပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီထူထောင်ကူးပြောင်းရေးအပေါ် အပြုသဘော ကြိုဆိုထောက်ခံကြပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ မူဝါဒလမ်းစဉ် (၇) ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအလုပ် စခန်းကို တက်လှမ်းနေပြီဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် (၇) ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပပြီး အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာ ပြီးစီးနေပြီ ဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်ကလဲ **"နှစ်နိုင်ငံ အကျိုးတူကိစ္စများ၊ ဒေသအတွင်း အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်း ဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း"** ပြောကြားသွားခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်ကလဲ **"အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူပါဝင်နိုင်ရေး မိမိတို့အခိုင်အမာရပ်တည်ကြောင်း"** ပြောကြားသွားခဲ့ပါတယ်။ ဒါတွေဟာ အာဆီယံနိုင်ငံချင်း သွေးစည်းခိုင်မာမှုကို ဖော်ပြနေတဲ့ ဆက်ဆံရေးများဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိုသာမက အာဆီယံ နိုင်ငံများအရေးကိုပါ သွေးခွဲအကျပ်ကိုင် ဩဇာပေးနေတဲ့ ဥရောပသမဂ္ဂ EU အဖွဲ့ဝင်နိုင်ငံတွေဟာ သူတို့ဥရောပသမဂ္ဂ EUအဖွဲ့ဝင်နိုင်ငံချင်း သွေးစည်း ညီညွတ်ရေး၊ အဖွဲ့ဝင်အုပ်စု ဩဇာအာဏာချဲ့ထွင်ရေး၊ အင်အားကြီး အုပ်စုအဖြစ် ကမ္ဘာကြီးကို ခြယ်လှယ်နိုင်ရေးအတွက် ကြိုးပမ်းနေမှုတွေကို အခုလိုတွေ့နေရပါတယ်။

၂၀၀၄ ခုနှစ် မေလအတွင်းက ဆိုက်ပရပ်စ်နဲ့ မော်လတာကျွန်း နိုင်ငံလေးနှစ်နိုင်ငံနဲ့ အရှေ့ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့ ဥရောပသမဂ္ဂ EU အဖွဲ့ကြီးသို့ ဝင်ရောက်လာခဲ့ပါတယ်။ ဒါကြောင့် EUနိုင်ငံ ၂၅ နိုင်ငံသို့ တိုးမြှင့်သွားခဲ့တယ်။ အခုလို EU အဖွဲ့ရဲ့အင်အားကို တိုးချဲ့နိုင်ခြင်းကြောင့် တစည်းတလုံးတည်းသော ဥရောပတိုက်ကြီးဖြစ်ရေး ရည်မှန်းချက်ဆီသို့ ခြေတစ်လှမ်းတက်လှမ်းနိုင်ခဲ့ပြီးဖြစ်တယ်လို့ ဥရောပနိုင်ငံခေါင်းဆောင်များက ဂုဏ်ယူမှတ်ချက်ချခဲ့ပါတယ်။ ဒါ့အပြင် EU အဖွဲ့ကြီး တိုးချဲ့ရေးခြေလှမ်းများ ဒီမှာတင်ရပ်တန့်နေမယ်မဟုတ်ပါ။ ၂၀၀၇ ခုနှစ်အတွင်း ဘူလ်ဂေးရီးယားနဲ့ ရိုမေးနီးယားနိုင်ငံများကို EU အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် လက်ခံဖို့ပါ စီစဉ်ထားပါတယ်။ EU ရဲ့ အမြင့်ဆုံး အာဏာပိုင်အဖွဲ့ကြီးဖြစ်တဲ့ ဥရောပကောင်စီဟာ တူရကီနိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံဖို့ စဉ်းစားနေသလို ခရိုအေးရှားနဲ့အခြားယူဂိုဆလားဗီးယား ပြည်ထောင်စုဝင်ဟောင်းနိုင်ငံများရဲ့ အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကိုလဲ စတင်စဉ်းစားမယ်လို့ သိရပါတယ်။

သက်တမ်းနှစ်၅၀ ကြာလာခဲ့တဲ့ EUအဖွဲ့ လျှောက်လှမ်းခဲ့ရသော ခရီးဟာလဲ ချောမွေ့သောလမ်းမဟုတ်ခဲ့ပါ။ အဖွဲ့ဝင်နိုင်ငံများအကြား သံသယစိတ်များ၊ မလိုမုန်းထားစိတ်များကိုပယ်ဖျောက်ရင်း၊ ဆန့်ကျင်ဘက်အကျိုးစီးပွားများအကြား ညှိနှိုင်းရင်း ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို နှစ်ပေါင်းများစွာ လျှောက်လှမ်းခဲ့ရခြင်းသာဖြစ်ပါတယ်။ ၁၉၅၀ပြည့်လွန်နှစ်များအတွင်း ဥရောပနိုင်ငံကြီးများအကြား ချုပ်ဆိုခဲ့သော သဘောတူစာချုပ်များဟာ EUအဖွဲ့ကြီး စတင်ပေါ်ပေါက်လာစေရန် အကြောင်းရင်းခံဖြစ်ခဲ့တယ်။ ၁၉၅၁ ခုနှစ်တွင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပြင်သစ်၊ အီတလီ၊ အနောက်ဂျာမနီ၊ လူဇင်ဘတ်နိုင်ငံ ခြောက်နိုင်ငံတို့ ပူးပေါင်းပြီး ဥရောပကျောက်မီးသွေးနဲ့ သံမဏိဘုံဈေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့တယ်။ ဒီနောက် ခြောက်နှစ်အကြာတွင် ဥရောပဘုံဈေးအဖွဲ့ဆိုပြီး တိုးချဲ့ဖွဲ့စည်းလာတယ်။ စတင်ထူထောင်စ ကာလတွင် အမေရိကန်နိုင်ငံနဲ့ ရင်းနှီးစွာဆက်ဆံလိုသော ဥရောပနိုင်ငံများနဲ့ အမေရိကန်ရဲ့ ဩဇာအာဏာစက်က ရုန်းထွက်ပြီး တစ်သီးတစ်သန့် ဥရောပနိုင်ငံ ထူထောင်လိုသော နိုင်ငံများအကြား ပဋိပက္ခများ အစဉ်တစိုက် ကြုံတွေ့လာခဲ့ရတယ်။ ၁၉၇၃ ခုနှစ်သို့ ရောက်သောအခါမှ ဗြိတိန်နဲ့အိုင်ယာလန်နိုင်ငံတို့ကို အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုခဲ့တယ်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ရေနံနဲ့ လောင်စာဆီအကျပ်အတည်းများ၊ ဘတ်ဂျက်အကျပ်အတည်းများကို အတူတကွ ရင်ဆိုင်ကျော်လွှားရင်း EUနိုင်ငံများအကြား ပိုမိုစည်းလုံးမှုရရှိလာခဲ့တယ်။ ၁၉၇၅ ခုနှစ်တွင် ဥရောပရဲ့အမြင့်ဆုံးအာဏာပိုင်အဖွဲ့ အဖြစ် ဥရောပကောင်စီကို ဖွဲ့စည်းထူထောင်ခဲ့တယ်။ အလားတူ ၁၉၇၉ ခုနှစ်တွင် ဥရောပပါလီမန်ရွေးကောက်ပွဲကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပြီး တစ်ခုတည်းသော ဥရောပ ငွေကြေးစနစ်ကျင့်သုံးဖို့ စတင်ခြေလှမ်းပြင်နိုင်ခဲ့တယ်။ ၁၉၈၃ခုနှစ်တွင် အနောက်ဥရောပနိုင်ငံကြီး နှစ်နိုင်ငံဖြစ်တဲ့ စပိန်နဲ့ပေါ်တူဂီတို့ကို EU အဖွဲ့သို့ ဝင်ခွင့်ပြုလိုက်ပြီးနောက် အနောက်ဥရောပငွေကြေးစနစ်နဲ့ ဥရောပရဲ့ တစ်ခုတည်းသော ဈေးကွက်ဖြစ်ရေးအတွက် စီမံကိန်းစတင်ချမှတ်လာတယ်။ ဒီစီမံကိန်းကြောင့် ၁၉၉၃ခုနှစ်တွင် EU အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်ဝန်ဆောင်မှု ငွေပင်ငွေရင်းနဲ့ ခရီးသွားလုပ်ငန်းများ လွတ်လပ်စွာကူးသန်းခွင့် ရရှိလာတယ်။ ဒါကြောင့် EU ရဲ့ ရည်မှန်းချက်ဟာ စီးပွားရေးအရသာမက နိုင်ငံခြားရေးနဲ့ လုံခြုံရေးအပါအဝင် တစည်းတလုံးတည်းသော ဥရောပဖြစ်ရေးကို ဦးတည်လာခဲ့တယ်။

အခုလို ကမ္ဘာ့အရေးအရာကိစ္စများတွင် EU ရဲ့ အရှိန်အဝါဩဇာကို တိုးမြှင့်နေချိန်မျိုးမှာ ပြင်ပသွေးခွဲမှုကို သတိပြုပြီး အာဆီယံနိုင်ငံများ သွေးစည်းခိုင်မာရေးဟာ မဖြစ်မနေလိုအပ်ပါတယ်။ ဒါ့အပြင် အာရှနိုင်ငံချင်း သွေးစည်းခိုင်မာရေးကိုပါ ကြိုးပမ်းသွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ညောင်ဦးမြို့နှင့် ပုဂံမြို့ကို အမှိုက်ကင်းမဲ့ နယ်မြေအဖြစ် သတ်မှတ်၍ နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့ ဩဂုတ် ၁၅ရက်က လမ်းများတစ်လျှောက် သန့်ရှင်းမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (၁၀၀)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမက်အာသာ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်စိုးနှင့် ဝန်ထမ်းများ ဩဂုတ် ၃ရက်က မြို့အဝင် ဆိုင်းဘုတ်ရှေ့တွင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဘဂ္ဂဒက်အနီး ဆာလာဟီယာမြို့ ကောင်စီရုံး ပျက်စီးနေသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ၏လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေလျှင် တောင်ပိုင်းရှိ ရေနံပိုက်လိုင်းပြန်ဖွင့်ပေးနိုင်မည် မဟုတ်

ဘဂ္ဂဒက် ဩဂုတ် ၂၄

ကမ္ဘာ့တတိယအကြီးဆုံး ရေနံသိုက်ကို ပိုင်ဆိုင်သည့်နိုင်ငံဖြစ်သော အီရတ်နိုင်ငံသည် လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေလျှင် အီရတ်တောင်ပိုင်းရှိ ရေနံပိုက်လိုင်းအား ပြန်ဖွင့်မပေးနိုင်သည့်ပြင် ရေနံကိုလည်းတစ်နေ့လျှင် စည်တစ်သန်းထက်ပို၍ ပို့နိုင်မည်မဟုတ်ကြောင်း အီရတ်ရေနံအရာရှိတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံတွင်း၌ ဖြစ်ပွားနေသော တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာပြီး ရေနံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမည်ဟု အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့က ခြိမ်းခြောက်ထားခြင်းကြောင့် ဩဂုတ် ၉ရက်တွင် တောင်ပိုင်း၌ ရေနံထုတ်လုပ်မှုအား အီရတ်နိုင်ငံက ရပ်ဆိုင်းပစ်ခဲ့ရသည်။

ရေနံပိုက်လိုင်းနှစ်လိုင်းအနက် တစ်လိုင်းပြန်ဖွင့်ရေးသည် လုံခြုံရေးအခြေအနေ တိုးတက်မှုအပေါ် မူတည်ကြောင်း အီရတ်ရေနံဈေးကွက် ရှာဖွေရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

တင်ပို့

ဘက်ရှ်ရာနှင့် ခေါအယ်အမ်မာရာ ရေနံဆိပ်ကမ်းများမှနေ၍ တစ်နာရီလျှင် ရေနံစည် ၈၅၀၀၀ကို စနေနေ့ည၌ ပြန်လည်ဖွင့်လှစ်ပြီး ပုံမှန်အတိုင်းတင်ပို့ပေးခဲ့ကြောင်း အမည်မဖော်ပြသည့် ဆောသ်ရေနံကုမ္ပဏီအရာရှိ တစ်ဦး၏ ပြောဆိုချက်ကို ကိုးကားလျက် ပြင်သစ်သတင်းဌာနက ဖော်ပြခဲ့သည်။

လျှော့ချ

ယင်းသို့ တင်ပို့ခြင်းသည် နှစ်ပတ်နီးပါးကြာမျှ ရေနံတင်ပို့မှုကို ထက်ဝက်လျှော့ချခဲ့ပြီးနောက် ပြန်လည်တင်ပို့ခြင်း ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

အီရတ်စစ်မြေပြင်ရှိ တပ်ဖွဲ့ဝင်များအားလျစ်လျူရှုမှုဖြင့် ဗြိတိန်အစိုးရအား တရားစွဲဆိုမည်

လန်ဒန် ဩဂုတ် ၂၄

အီရတ်စစ်မြေပြင်ရှိတပ်ဖွဲ့ဝင်များအားလျစ်လျူရှုမှုဖြင့် ဝန်ကြီးချုပ်တိုနီဘလဲ၏ အစိုးရကို အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိမှန်သေဆုံးခဲ့သော ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး၏မိခင်က တရားစွဲဆိုရန် လုပ်ဆောင်ခဲ့သည်။

တရားစွဲ

ဗြိတိသျှတပ်ဖွဲ့ဝင် ဂေါ်ဒွန်ဂျင်တဲလ်၏မိသားစုက တရားစွဲဆိုရန် ပြင်ဆင်ခြင်းသည် တိုက်ပွဲ၌ သေဆုံးသော တပ်ဖွဲ့ဝင်နှင့် ပတ်သက်၍ ဗြိတိသျှ အစိုးရအား ပထမဆုံးတရားစွဲဆိုမှုဖြစ်သည်။

သေဆုံး

ဂျင်တဲလ်သည် ဗြိတိသျှတို့ထိန်းချုပ်ထားသော အီရတ်တောင်ပိုင်းရှိ ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဇွန်လထဲ၌ သေဆုံးခဲ့ရသည်။

တောင်းဆို

ဂျင်တဲလ်၏မိခင်က အီရတ်မှနေ၍ တပ်ဖွဲ့ဝင်များအားလုံး ဗြိတိန်သို့ ရုပ်သိမ်းရန် တောင်းဆိုလိုက်ပြီး ဗြိတိသျှအစိုးရသည် သူ၏သားအား သင်တန်းပြီးလျှင်ပြီးချင်း အီရတ်စစ်မြေပြင်သို့ လွှတ်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲလိုက်သည်။ **(အင်တာနက်)**

ပါကစ္စတန်ပြည်သူများ၏ဆန္ဒမပါဘဲ အီရတ်သို့တပ်ဖွဲ့ဝင်များစေလွှတ်မည်မဟုတ်

အစ္စလမ္မာဘတ် ဩဂုတ် ၂၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များ တိုက်ခိုက်ခြင်းကို ပါကစ္စတန်အစိုးရက ဖြောင်ဆန့်ကျင် ကန့်ကွက်ကြောင်းနှင့် ပါကစ္စတန် ပြည်သူများ၏ သဘောဆန္ဒမပါဘဲ တပ်ဖွဲ့ဝင်များ လွှတ်မည်မဟုတ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးခါရှစ်မီမွဒ်ကာဆူရီက ပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်ခု၏ အမိန့်အာဏာကို လက်ခံမည်မဟုတ်ကြောင်း၊ အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေးဖိအားပေးမှုကို အတိုက်အခံပြုမည်ဖြစ်ကြောင်း၊ ပါကစ္စတန်နိုင်ငံသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို သိမ်းပိုက်ရေးတပ်ဖွဲ့များအဖြစ် ရှုမြင်ကြောင်း ကာဆူရီက ပါကစ္စတန်အထက်လွှတ်တော် အစည်းအဝေး၌ ပြောကြားသည်။

ဆီးနိတ်လွှတ်တော် အစည်းအဝေးကို အတိုက်အခံပါတီဝင် တောင်းဆိုချက်အရ ကျင်းပခဲ့ခြင်းဖြစ်ပြီး အတိုက်အခံပါတီက အီရတ်ကို အမေရိကန်သိမ်းပိုက်ခြင်းအား ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချရန် အစိုးရအဖွဲ့အား တောင်းဆိုခဲ့သည်။ **(အင်တာနက်)**

အကျဉ်းသားနှိပ်စက်မှုဖြင့်တရားစွဲခံရသော အမေရိကန်တပ်ဖွဲ့ဝင် အပြစ်ရှိကြောင်းဝန်ခံ

ဝါရှင်တန် ဩဂုတ် ၂၄

အဘူဂါရိပ်အကျဉ်းထောင်၌ ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ၎င်းအားစွပ်စွဲချက်အချို့တွင် အပြစ်ရှိကြောင်း တနင်္လာနေ့က ဝန်ခံခဲ့သည်။

အဘူဂါရိပ်အကျဉ်းထောင်၌ မိမိ၏ လုပ်ဆောင်ချက်များအတွက် မိမိတွင်တာဝန်ရှိကြောင်း၊ မိမိလုပ်ဆောင်ချက်သည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်ဟု မိမိကောက်ချက်ချခဲ့သည့်အတွက် မိမိ၌အပြစ်ရှိကြောင်း အမေရိကန်တပ်ကြပ် အိုင်ဗင်ဖရက်ဒ်ဒရစ်ကပြောကြားသည်။

သို့ရာတွင် ကြေညာချက်၌ ဖရက်ဒ်ဒရစ်သည် ၎င်း၌အပြစ်ရှိကြောင်း၊ မည်သည့်စွပ်စွဲချက်ကိုရည်ညွှန်းထားခြင်းမရှိကြောင်း ဖော်ပြထားသည်။

ဖရက်ဒ်ဒရစ်အား အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှု၊ ညှဉ်းပန်းနှိပ်စက်ရန် ပူးပေါင်းကြံစည်မှု၊ တာဝန်လစ်ဟင်းမှု၊ တိုက်ခိုက်မှုနှင့်ရိုင်းပျစွာပြုမှုတို့ဖြင့် စွဲချက်တင်ထားသည်။

ဖရက်ဒ်ဒရစ်သည် လုပ်ရပ်မှားယွင်းကြောင်းဝန်ခံသည့် ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ ဂျရီမီဆီဗစ်သည် ၎င်း၏ လုပ်ဆောင်ချက်နှင့် စပ်လျဉ်း၍ မှားယွင်းကြောင်းမေလထဲ၌ဝန်ခံခဲ့ပြီး ထောင်ဒဏ်တစ်နှစ်အပြစ်ပေးခံခဲ့ရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဆေးလိပ်သောက်သူများ နှလုံးရောဂါပိုမိုဖြစ်ပွား

ဟောက်တမ် ဩဂုတ် ၂၄

ဆေးလိပ်သောက်သုံးသူများသည် ဆေးလိပ်မသောက်သုံးသူများထက် အသက် ၄၀ မတိုင်မီတွင် နှလုံးရောဂါဖြစ်ပွားမှု ပိုမိုဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း လေ့လာစမ်းသပ်ချက်များအရ သိရသည်။

အသက် ၄၀ အောက် ဆေးလိပ်သောက်သုံးသူများကို စမ်းသပ်မှု ငါးကြိမ်ပြုလုပ်ရာတွင် ၎င်းအသက်အရွယ်၌ ဆေးလိပ်မသောက်သူများထက် နှလုံးရောဂါဝေဒနာခံစားနေရသည်ကို သုတေသနပြုချက်အရ သိရသည်။

နှလုံးရောဂါ ဖြစ်ပွားမှုကို အသက်အရွယ်ကြီးသူများထက် အခြားအသက်အရွယ်များတွင် ဖြစ်ပွားမှုရှိ မရှိကို သိရှိရန် လေ့လာစမ်းသပ်မှုများလည်း ပြုလုပ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံတကာ၌ ဖြစ်ပွားလျက်ရှိသော နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၏ အချက်အလက်များကို အခြေခံပြီး ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံ၂၁နိုင်ငံတွင် အသက် ၃၃နှစ်နှင့် ၆၄နှစ်ကြားရှိသူများကို ၁၉၈၅ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ နှလုံးရောဂါခံစားနေရသော အမျိုးသား ၁၈၇၆၂ဦးနှင့် အမျိုးသမီး ၄၀၄၇ဦးအား စမ်းသပ်မှုများပြုလုပ်၍ သုတေသီ များက အကဲဖြတ်ခဲ့သည်။ **အမ်အင်အေ၊ပီတီအိုင်**

စီးနင်းရှာဖွေ

နာဂျက်ဖ်မြို့တွင် အဆောက်အအုံတစ်ခုအတွင်း စီးနင်းရှာဖွေမှုများ ပြုလုပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်–အာဖရိက လူငယ်ပွဲတော် ပေကျင်းမြို့တွင် ဖွင့်လှစ်ကျင်းပ

ပေကျင်း ဩဂုတ် ၂၄

ပထမအကြိမ်တရုတ်–အာဖရိက လူငယ်ပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တနင်္လာနေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါတရုတ်–အာဖရိက လူငယ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တရုတ်သမ္မတဟူကျင်တောင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ သမိုင်းကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခြင်းဖြစ်သည့် ယခုပွဲတော်အပေါ် ဂုဏ်ယူဝမ်းမြောက်ခြင်းဖြစ်ရကြောင်း ယင်းပွဲတော်တွင် ပါဝင်ဆင်နွှဲသူများအား သမ္မတဟူကျင်တောင်က ပြောကြားသည်။

တရုတ်–အာဖရိက လူငယ်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ) ဗဟိုကော်မတီ၏ ပေါလစ်ဗျူရိုအဖွဲ့ဝင် ဝမ်ကျောက်ကူလည်း တက်ရောက်ခဲ့သည်။

ယင်းပွဲတော်ကို ဩဂုတ် ၂၂ရက်မှ ၃၁ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်သို့ တရုတ်–အာဖရိကပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်၏ အဖွဲ့ဝင်နိုင်ငံ၄၄နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂနှင့် အချို့အာဖရိက သံတမန်ကိုယ်စားလှယ်ပေါင်း ၁၃၂ဦး တက်ရောက်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံခြားတပ်များ နာဂျက်ဖ်မှ ၄၈ နာရီအတွင်း မထွက်လျှင် ကန်နိုင်ငံသားများနှင့် တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မည်

ဒူဘိုင်း ဩဂုတ် ၂၃

၄၈ နာရီအတွင်း နာဂျက်ဖ်မြို့မှနေ၍ နိုင်ငံခြားတပ်များ ထွက်မသွားလျှင် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အမေရိကန်နိုင်ငံသားများကို တိုက်ခိုက်သွားမည်ဟု အမည်မသိအုပ်စုတစ်စုက ခြိမ်းခြောက်ထားသည်ဟု တနင်္လာနေ့က ထုတ်ပြန်သော အင်တာနက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့်မြိတိသျှအပေါင်းပါတပ်များကို ၄၈ နာရီ အချိန်ပေးထားကြောင်း၊ အကယ်၍ ထိုအချိန်ပိုင်းကာလကုန်ဆုံးသွားလျှင် အပေါင်းပါတပ်ဖွဲ့ဝင်တိုင်းနှင့် အီရတ်၌ရှိနေကြသော အမေရိကန်နိုင်ငံသားတိုင်းကို တိုက်ခိုက်သွားမည်ဟု တနင်္လာနေ့က ထုတ်ပြန်သော ထိုကြေညာချက်၌ ဖော်ပြထားသည်။

တိုက်ခိုက်မည်

မိမိတို့တောင်းဆိုချက်ကို မလိုက်လျောလျှင် တုံ့ပြန်ဖို့အတွက် မိမိတို့အချိန်ယူရမည်ဖြစ်သော်လည်း အမေရိကန်တို့ကို အချိန်ယူ သတ်ဖြတ်သွားမည့် စစ်ဆင်ရေးများကို အမေရိကန်အား အံ့ဩသွားစေမည်ဟု ကြေညာချက်၌ ဖော်ပြသည်။ ထို့ပြင် ရေနံအခြေခံအဆောက်အအုံများကိုလည်း တိုက်ခိုက်သွားမည်ဟု ဆိုသည်။

(အင်တာနက်)

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်နေသော အီရတ်ပြောက်ကျားများကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဩဂုတ် ၂၅ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၆၄ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂၅ ရက် ဗုဒ္ဓဟူးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၆၄ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၂၂ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၂ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၂၆ ဦးဖြစ်ပြီး ယင်းအနက် ၆၁၃ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ အီရတ်ပြောက်ကျားများ တိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၅

ဘဂ္ဂဒက်တွင် အမေရိကန် ယာဉ်တန်းတစ်ခုအား အီရတ်လက်နက်ကိုင်ပြောက်ကျားများက ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ဖော်ပြ

ယင်းသို့ လက်နက်ကိုင်ပြောက်ကျားများက အမေရိကန် ကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်ခဲ့သည့်အချိန်မှာ တနင်္လာနေ့ ညနေ ၆ နာရီ ၄၅ မိနစ်၌ ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံး

ဒဏ်ရာရသူ တပ်ဖွဲ့ဝင်သုံးဦးအား ဆေးရုံသို့တင်ပို့ခဲ့ရာ ၎င်းတို့အနက် တစ်ဦးမှာ ဒဏ်ရာကြောင့် သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက် ဖော်ပြသည်။

၂၀၀၃ ခုနှစ် မတ်လက အီရတ်အား အမေရိကန်ဦးဆောင်သော စစ်ပွဲစတင်ဆင်နွှဲခဲ့စဉ်ကစပြီး တိုက်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၇၂၀ ခန့် သေဆုံးခဲ့ပြီးဖြစ်ကြောင်း ပင်တဂွန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းနေသော အီရတ်မိသားစုကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကုလသမဂ္ဂအဖွဲ့ကြီး ခိုင်မာတောင့်တင်းရေး တရုတ်ဝန်ကြီးချုပ် တိုက်တွန်းပြောကြား

ပေကျင်း ဩဂုတ် ၂၅

ကုလသမဂ္ဂအဖွဲ့အစည်းသည် အားပျော့လျက်ရှိနေမည့်အစား နိုင်ငံပေါင်းစုံစည်းဝေးရာ အဓိကနေရာကြီးအဖြစ် ခိုင်မာတောင့်တင်းရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပေကျင်းမြို့တွင် အင်္ဂါနေ့က ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်ဝမ်ကြားပေါင်သည် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ (၅၉)ကြိမ်မြောက် အစည်းအဝေးဥက္ကဋ္ဌအဖြစ် ရွေးချယ်ထားသော ဂါဘွန်နိုင်ငံခြားရေးရာ ဝန်ကြီး ရှောင်ပင်းနှင့် တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ မှတ်ချက်ပေးပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာအခြေအနေသည် ပြောင်းလဲမှုများရှိနေရာ ကမ္ဘာ၌ ဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို ဖြေရှင်းရန်နည်းလမ်းမှာ ဘက်ပေါင်းစုံ ဝါဒပင်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြားသည်။

ဂါဘွန်နိုင်ငံခြားရေးဝန်ကြီး ရှောင်ပင်းသည် တရုတ်နိုင်ငံတွင် ခြောက်ရက်ကြာလည်ပတ်ရန်အတွက် ပေကျင်းသို့ တနင်္ဂနွေနေ့၌ ရောက်ရှိလာခဲ့သည်။ ၎င်းက အကြီးမားဆုံး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သော တရုတ်နိုင်ငံသည် နိုင်ငံတကာဆိုင်ရာ ကိစ္စရပ်များတွင် ဩဇာတိက္ကမရှိသော နိုင်ငံဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးနှစ်ဦး ပုံးခွဲတိုက်ခိုက်မှုများမှ လွတ်မြောက်ခဲ့

ဘဂ္ဂဒက် ဩဂုတ် ၂၅

ဘဂ္ဂဒက်တွင် ကားဗုံးနှစ်လုံးတိုက်ခိုက်မှုနှစ်ခုနေရာ၌ အင်္ဂါနေ့က ပေါက်ကွဲခဲ့ရာတွင် အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးနှစ်ဦး ဒဏ်ရာရခြင်းမရှိဘဲ လွတ်မြောက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် အရာရှိများက ပြောသည်။

သို့သော် အဆိုပါဗုံးခွဲတိုက်ခိုက်မှုများကြောင့် စုစုပေါင်း လူခြောက်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်။ အီရတ်ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး မစ်စခက်မိုမင်ကို သတ်ဖြတ်ရန်ရည်ရွယ်ခဲ့သော ကားဗုံးတစ်လုံးမှာ အင်္ဂါနေ့က ဘဂ္ဂဒက်တောင်ဘက်ပိုင်း ကာဒီဆီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လူလေးဦးသေဆုံးကာ အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒါလာလ်အလီက ပြောသည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ဝန်ကြီးသည် ယာဉ်တန်းဖြင့်ခရီးသွားခြင်းဖြစ်ကြောင်း၊ မိုမင်သည် ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ လွတ်မြောက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အီရတ် ပညာရေးဝန်ကြီး ဆာမီအယ်လ်မူဒါဖာအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော အခြားလမ်းဘေးဗုံးမှာ အင်္ဂါနေ့စောစောပိုင်းတွင် ဘဂ္ဂဒက်မြို့အနောက်ဘက်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လူနှစ်ဦးသေဆုံးကာ အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုတွင် ဝန်ကြီးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း ကြားဖြတ်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် စစ်သံမှူးများ၏ဇနီးများ ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ အနုပညာလက်ရာများကြည့်ရှု

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၏ဇနီး ဒေါ်ခင်အေးကြင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက ပါကစ္စတန်နိုင်ငံသံရုံးမှ စစ်သံမှူး၏ဇနီး Mrs.Sadaf Ihsanနှင့်စစ်သံမှူးများ၏ဇနီးများ ပါဝင်သောအဖွဲ့သည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်အနုပညာ ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးရန် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံသို့ရောက်ရှိကြရာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဦးတင်စိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူလေးများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များအား အမျိုးသားဇာတ်ရုံ ဧည့်ခန်းမ၌ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ်၏ ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါ်ခင်လှဌေးက သင်ကြားပို့ချမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒေါ်ခင်သန်းနွဲ့တို့အား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏အမှတ်တရပန်းချီကားများကို ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များသည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူကလေးများ၏ ပန်းချီ၊ ပန်းပု လက်ရာမွန်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး **(အပေါ်ပုံ)** ဂီတ၊ သဘင်စင်တင်တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုပန်းခြင်းပေး

တင်ဆက်ဖျော်ဖြေမှုအပြီးတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် တင်ဆက်ဖျော်ဖြေကြသည့် ကျောင်းသူကလေးများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေ၃နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီးနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀	၈။	ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရူပဗေဒ အထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀	၇။	အတီးပြိုင်ပွဲ
၁၇:၃၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၅	၉။	**“တစ်ဘဝစာ”** သတ္တိ၊ မေသဥ္ဇာဦး၊ ချောချစ် (ဒါရိုက်တာ-ရိုးရိုး)
၁၈:၀၀	၁၀။	တေးဂီတအစီအစဉ်
၁၈:၁၅	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း-၆)
၁၉:၃၅	၁၅။	နှောင်းခေတ်တေးပဒေသာ
၁၉:၄၅	၁၆။	အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း သိကောင်းစရာများ
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာ့ရုပ်ရှင်**“ဆန်ရေ”** (အပိုင်း-၂) ညွန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ကြည်စိုးထွန်း)

အမှာစကားပြောကြား

လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဖွင့်ပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လှိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အလှူရှင်ရွှေပုစွန်မိသားစုက ဆောက်လုပ်လှူဒါန်းသော ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေတက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်ခင်နွဲ့ရီ၏ ကိုယ်စား ဒေါက်တာ တင့်စိုးလင်းတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က လှူဒါန်းသော မူလတန်းကြိုကျောင်းအတွက် ကျောင်းသုံးပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက လက်ခံသည်။

ယင်းနောက် မူလတန်းကြိုကျောင်း အလှူရှင် ရွှေပုစွန်မိသားစုမှ ဒေါက်တာ တင့်စိုးလင်း၊ ဒေါ်ပွင့်မာခိုင်တို့က ငွေကျပ် ၁၄၀၈၈၀၀၀ တန်ဖိုးရှိ မူလတန်းကြိုကျောင်း အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးထံ ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ မူလတန်းကြိုကျောင်း အတွက် အလှူရှင်များ၏ လှူဒါန်းငွေကျပ် စုစုပေါင်း ၁၉၀၄၀၀၀ ကို အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားမြင့်က လက်ခံသည်။

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် မူလတန်းကြိုကျောင်းအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ကျန်းမာရေးကဏ္ဍ ထူးခြားသောအောင်မြင်မှုမှတ်တိုင်များ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကိုယ်ခန္ဓာချင်းဆက်အမြွှာ ခွဲစိတ်ကုသအောင်မြင်မှု	၁ ကြိမ်	၃ ကြိမ်
ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသအောင်မြင်မှု	-	၉ ကြိမ် (၂၂ဦး)
လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသအောင်မြင်မှု	-	၂ ကြိမ်
အသည်းအစားထိုး ခွဲစိတ်ကုသအောင်မြင်မှု	-	၁ ကြိမ်
စုစုပေါင်း	၁ ကြိမ်	၁၅ ကြိမ်

ဩဂုတ် ၂၅ရက်က အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်သည့် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးပြီး ခွဲစိတ်အထူးကု ဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ခုနှစ် ဩဂုတ် ၁၁ ရက်က အောင်မြင်စွာခွဲစိတ်ခဲ့သည့် တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်တို့၏ ကျန်းမာရေး အခြေအနေကို ကြည့်ရှုအားပေးခဲ့စဉ်။

(မြန်မာ့ဆေးပညာရှင်များ၏ တင်ပါးဆုံပိုင်းဆက်အမြွှာ ခွဲစိတ်အောင်မြင်မှုမှာ ကမ္ဘာပေါ်တွင် ၁၉ မြွှာမြောက် အောင်မြင်မှုဖြစ်သည်။ မြန်မာ့ဆေးပညာသမိုင်း၏ ထူးခြားသောအောင်မြင်မှုဟု ဆိုရမည်ဖြစ်သည်။)**(အောက်ပုံ)**

အစားထိုးခွဲစိတ်ကုသ

ဩဂုတ် ၂၅ရက်က အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းရောဂါလူနာအား အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

နိုင်ငံနှင့်လူမျိုးအတွက်ဝမ်းမြောက်ဂုဏ်ယူ ပထမဆုံးအသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်မှုသမိုင်းမှတ်တိုင်စိုက်ထူ

အသည်းအစားထိုးခွဲစိတ်ကုသချိန် ၁၃ နာ
ကုသမှုခံယူသူ၏ကျန်းမာရေးတိုးတက်ကောင်

မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူ များ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှက သတင်းအဖွဲ့ကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက်အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး မြန်မာ နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက် ဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

ဂုဏ်ယူဝမ်းမြောက်ဖွယ်

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံမှဆေးပညာရှင်များအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်ခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်က ဂုဏ်ပြုမှတ်တမ်းတင်သည့်နည်းတူ နိုင်ငံနှင့်လူမျိုးအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်သတင်းကောင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ခံယူသူမှာ လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက် အမှတ်(၆၂) ရွှေဟင်္သာလမ်းနေ အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက် (၃၅)နှစ်ဖြစ်ပြီး အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသည်းအလှူရှင်မှာ မအေးမွန် (၃၉)နှစ်ဖြစ်သည်။

အောင်မြင်စွာထုတ်ယူ

ဩဂုတ် ၂၅ ရက်တွင် အသည်းအလှူရှင် မအေးမွန်ထံမှ အသည်းကို ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာသန့်ဇင် ဦးဆောင်သောအဖွဲ့က နံနက် ၇နာရီခွဲ၌ စတင်ခွဲစိတ်ထုတ်ယူခဲ့ရာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ထုတ်ယူရရှိခဲ့သည်။

အစားထိုးခွဲစိတ်

ယင်းသို့ အသည်းအလှူရှင်ထံမှ အသည်းကိုခွဲစိတ်ထုတ်ယူနေချိန်တွင် အချိန်နှင့်တစ်ပြေးညီ နံနက် ၁၀နာရီ ၁၅မိနစ်၌ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်၍ အသည်းခြောက် ဝေဒနာရှင် ကိုခင်ဇော်ထက်ထံမှ ခြောက်နေသော အသည်းကို စတင်ခွဲစိတ်ဖယ်ရှားခဲ့ပြီး ည ၇နာရီခွဲတွင် အလှူရှင်၏ အသည်းဖြင့် အစားထိုးကုသပေးခဲ့ရာ ည ၁၁ နာရီ ၄၅မိနစ်တွင် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက် ပြီးစီးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေး

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် ခွဲစိတ် ကုသမှုအချိန် ၁၃နာရီခွဲ ကြာမြင့်ခဲ့ပြီး ကုသမှုခံယူသူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်တိုးတက်လျက် လှုပ်ရှားနိုင်နေပြီ ဖြစ်သည်။ ဆရာဝန်ကြီးများနှင့်သူနာပြုများကလည်း ကိုခင်ဇော်ထက်အား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ဝိုင်းဝန်းကူညီ

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသ မှုကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သော ပါမောက္ခများ၊ ကထိကများ၊ သမားတော် ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆင်ပြေချောမွေ့

ယင်းသို့ အောင်မြင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်ချက်များကို သွားရောက်ဖြည့်ဆည်းပေးခဲ့ပြီး ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၏ စီမံညွှန်ကြားမှု၊ ညွှန်ကြားရေးမှူး(ဓာတ်ခွဲ) ဒေါက်တာတင်ညွှန့်နှင့် ညွှန်ကြား ရေးမှူး(ကုသရေး) ဒေါက်တာတင်မင်းတို့၏ အနီးကပ်ပံ့ပိုးမှု၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် အထွေထွေ ရောဂါကု ဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်တို့၏ စီစဉ်ဆောင် ရွက်မှု၊ တာဝန်ရှိသူများ၏ ဝိုင်းဝန်းကူညီမှုများကြောင့် ယခုကဲ့သို့ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုခင်ဇော်ထက်၏ဇနီး ဒေါ်တင်တင်မြင့်က "နိုင်ငံတော်၏ အစစအရာရာ စီမံပံ့ပိုးကူညီမှုနှင့် ဆရာဝန်ကြီးများ၏ ခွဲစိတ်ကုသပေးမှု များအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း" ပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ယနေ့ နံနက် ၉နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုး၊ ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်တို့ လိုက်ပါလျက် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ သွားရောက်ပြီး အသည်း အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေ ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်အဖြစ် အသည်းအစား ထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သူ ကိုခင်ဇော်ထက်ကို ဩဂုတ်၂၆ရက်က ကျန်းမာရေး အခြေအနေတိုးတက်ကောင်းမွန် စွာတွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီးနှင့်အဖွဲ့သည် အထူးကြပ်မတ်ကုသခန်း၌ ကျန်းမာရေး စောင့်ရှောက်မှုခံယူနေသည့် ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခများက ရှင်းလင်းပြသကြသည်။ အသည်းအစား ထိုး ခွဲစိတ်ကုသမှုခံယူထားသူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။ ဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှု အတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့သည်။

တ်ကုသချိန် ၁၃ နာရီခွဲကြာမြင့် ာရေးတိုးတက်ကောင်းမွန်လျက်ရှိ

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးရှေ့၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကိုအောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သည့် ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်ကုသမှုအဖွဲ့၊ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသည့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့်လည်းကောင်း၊ ခွဲစိတ်ခန်းမရှေ့၌ ခွဲစိတ်ခန်းတာဝန်ကျဆရာဝန်ကြီးများ၊ သူနာပြုများနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ်ခန်းတာဝန်ကျဆရာဝန်ကြီးများ၊ သူနာပြုများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်တာဝန်ရှိသူများ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ခွဲစိတ်ကုသမှုအောင်မြင်

ဩဂုတ် ၂၅ရက်က အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှဦးဆောင်သော ခွဲစိတ်အထူးကုဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပံ့ပိုးကူညီပေးခဲ့

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဩဂုတ် ၂၅ ရက်တွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ယင်းသို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၂ ခုနှစ်ကတည်းကပင် နိုင်ငံတော်က စီစဉ်အားပေးခဲ့ပြီး ဆေးပညာရှင်များကို ပြည်ပသို့ ပညာတော်သင်စေလွှတ်ခြင်း၊ အထောက်အကူပြုပစ္စည်းများဝယ်ယူဖြည့်တင်းခြင်းများ ကနဦးဆောင်ရွက်ပေးခဲ့သည်။

ဖွဲ့စည်းတာဝန်ပေး

ယင်းနောက် ၂၀၀၃ခုနှစ် မေလ ၁၃ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အသည်းအစားထိုးခွဲစိတ်ကုသမှုဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းပြီး ဆပ်ကော်မတီများအလိုက် ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေခဲ့သည်။

ပါဝင်ဆောင်ရွက်

ဩဂုတ်၂၅ ရက်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်ရာတွင် အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆောင်ရွက်ခဲ့သည်။

အသည်းအလှူရှင်ထံမှ အသည်းခွဲစိတ်ထုတ်ယူမှုတွင် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဦးသန့်ဇင်၊ ပထမလက်ထောက်ဆရာဝန် ဒေါက်တာဦးစောမားဒိုသိန်း၊ ဒုတိယလက်ထောက် ဆရာဝန်ဒေါက်တာဦးညီညီဆွေနှင့် လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်အေးမြမြဇော်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အသည်းဝေဒနာရှင်အား အသည်းအစားထိုးခွဲစိတ်ကုသပေးမှုကို ပါမောက္ခဒေါက်တာ ဦးနော်မန်လှက ဦးဆောင်၍ တွဲဖက်ပါမောက္ခ ဒေါက်တာဦးဝင်းမောင်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်၊ လက်ထောက်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမောင်မောင်စိုးတို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သူ ကိုခင်ဇော်ထက်မှာ ခွဲစိတ်ကုသမှုအပြီး ၁၂ နာရီအတွင်းမှာပင် စကားပြောဆိုနိုင်သည်အထိ ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိသည်။

ကိုခင်ဇော်ထက်သည် အသည်းခြောက်၊ အသည်းကြွပ်ရောဂါကြောင့် ဗိုက်ဖောင်း၍ သွေးငါးကြိမ်အန်သည်အထိ ရောဂါပြင်းထန်ခဲ့ပြီး ခြောက်လမှ တစ်နှစ်အတွင်း အသက်အန္တရာယ်ရှိခဲ့ကြောင်းသိရသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ ဆေးပညာရှင်တို့အတွက် ဆေးပညာရှုထောင့်အရ သိမ်မွေ့ခက်ခဲနက်နဲလှသည့်အပြင် ကုန်ကျစရိတ်မှာလည်း ကြီးမားလှသည်။ အနောက်နိုင်ငံများတွင် အသည်းအစားထိုးခွဲစိတ်ကုသမှုစရိတ်မှာ ဒေါ်လာတစ်သိန်းမှခုနစ်သောင်းခွဲအထိရှိသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်စေရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကိုခင်ဇော်ထက် လက်ပြနှုတ်ဆက်

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာခံယူရရှိခဲ့သော ကိုခင်ဇော်ထက်က သတင်းအဖွဲ့ကို လက်ပြနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အသည်းအစားထိုးကုသမှု ဆေးပညာရှုထောင့်အရ သိမ်မွေ့ခက်ခဲနက်နဲလှသည့်အပြင် ကုန်ကျစရိတ်ကြီးမားလှ

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာခံယူရရှိခဲ့သော ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေကို တွေ့ရစဉ်။

(သတင်းစဉ်)

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး အလေးထားဆောင်ရွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံးတိုးမြှင့်လွှမ်းခြုံပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် တောင်ပေါ် မြေပြန့်၊ ကျေးလက်နှင့် နယ်စပ်အစွန်အဖျားဒေသများအထိ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေး နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိသည်။

ဖြည့်ဆည်းပေးနေ

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းအလိုက် ကျေးလက်ကျန်းမာရေး ဌာနများ၊ ဌာနခွဲများကိုတိုးမြှင့်ဖွင့်လှစ် ပေးနေသကဲ့သို့ ဆေးရုံကြီးများကိုလည်း တိုးချဲ့တည်ထောင်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဒေသလိုအပ်ချက်အလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးနေသည်။

ဘီပိုးကာကွယ်ဆေးထုတ်လုပ်

ရောဂါကာကွယ်ရေးအတွက် ပိုလီယို၊ ဝက်သက်၊ ဘီစီဂျီ၊ မေးခိုင်ရောဂါစသည့်ရောဂါကာကွယ်ဆေးများကို နိုင်ငံတကာနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ထံမှ ညှိနှိုင်းရရှိနေပြီး ဘီပိုးဟုခေါ်သည့် အသည်းရောင်အသားဝါရောဂါကာကွယ်ဆေးများကို WHO/GAVI တို့က အထောက်အကူပေးနေသော်လည်း တစ်ပြည်လုံးအတိုင်းအတာဖြင့် လုံလောက်မှုရှိစေရန်အတွက် လွန်ခဲ့သော ၁၀နှစ်ခန့်ကပင် ဆေးသုတေသနဦးစီးဌာနက ဘီပိုးကာကွယ်ဆေးထုတ်လုပ်ပေးခဲ့သည်။

အလုံအလောက်ထွက်မည်

ထို့အပြင်ရန်ကုန်မြို့အနီး ရွာသာကြီးတွင် ဘီပိုးကာကွယ်ဆေးထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ကာကွယ်ဆေး စတင်ထုတ်လုပ်နေပြီဖြစ်၍ နောင်နှစ်နှစ်ခန့်၌ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးများ လုံလောက်အောင် ထွက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကုသရေး၊ ပြည်သူ့ကျန်းမာရေး၊ ရောဂါနှိမ်နင်းကာကွယ်ရေးစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်တတ်မြောက်သည့် ဆေးပညာရှင် အဆင့်ဆင့် အလုံအလောက်ရှိနေစေရေးအတွက်လည်း မျိုးဆက်သစ်ပညာရှင်များနှင့် ဝန်ထမ်းများပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရန် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် တက္ကသိုလ် ၁၄ ခု၊ အခြားကျောင်း သင်တန်းသုံးခုနှင့် တိုင်းနှင့်ခရိုင်များတွင်လည်း သီးခြားသင်တန်းများ ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ကျန်းမာရေးပညာဆိုင်ရာ အခြေခံဘွဲ့များအပြင် ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ Masterသင်တန်းများမှ အစပြုပြီး Ph. D., Doctorate ပါရဂူသင်တန်းများကိုလည်း ဘာသာရပ်စုံလင်စွာ သင်တန်းပေးလျက်ရှိသည်။

ပြုစုပျိုးထောင်ပေး

၎င်းအပြင် အဆင့်မြင့်ဘွဲ့လွန်သင်တန်းများ တက်ရောက်သင်ယူရန် နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ ဘွဲ့လွန်သင်တန်းသား ပညာတော်သင် အမြောက်အမြား နှစ်စဉ်စေလွှတ်လျက် ရှိသည်။ ဘွဲ့လွန်သင်တန်းများ မဟုတ်သော်လည်း အထူးခွဲစိတ်ပညာ၊ ဆေးပညာ၊ ဓာတ်ခွဲ၊ ပြည်သူ့ကျန်းမာရေး စသည့်လုပ်ငန်း အသီးသီးတွင် လက်တွေ့သင်ကြားလေ့ကျင့်နိုင်ရန်အတွက်လည်း နိုင်ငံခြားပညာတော်သင်အများအပြားကို စေလွှတ်ပြီး ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးလျက်ရှိသည်။

ခွဲစိတ်မှုအောင်မြင်

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးကြောရောဂါများ ခွဲစိတ်ကုသခြင်း၊ အသည်းရောဂါ ခွဲစိတ်ကုသခြင်း၊ အသည်းကျွမ်းရောဂါနှင့် ဘီပိုးရောဂါကုသခြင်း၊ ဦးနှောက်ခွဲစိတ်ကုသခြင်းတို့ကို လွန်ခဲ့သော သုံးလေးနှစ်ကပင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

Conjoint Twin ခေါ်သည့် ခန္ဓာကိုယ်ပူးတွဲအမြွှာ ခွဲစိတ်ကုသခြင်းကိုလည်း ၁၉၆၀ပြည့်နှစ်က စတင်ပြုလုပ်နိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် မန္တလေး၌ ခါးတင်ပါးဆုံအထိ ပူးတွဲနေသောအမြွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်တို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ)၊ ပြည်သူ့ကျန်းမာရေး သင်ကြားရေး၊ ပုဂ္ဂလိက ဆေးခန်းများ စနစ်တကျ သတ်မှတ်ခြင်း၊ ဆေးဝါးများ တင်သွင်းခြင်းနှင့် စံချိန်သတ်မှတ်ခြင်း၊ ဆေးရွက်ကြီး ထိန်းချုပ်ရေး ဥပဒေရေးဆွဲခြင်း၊ SARS ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ Poison Control Centre နှင့် သွေးဇီဝကိစ္စများစသည့် လုပ်ငန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက် ရှိသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် WHOစသော အဖွဲ့အစည်းများ ပူးပေါင်း၍ နှီးနှောဖလှယ်ပွဲများ ကျင်းပရာတွင်လည်း ဆေးပညာရှင်အဖွဲ့အနေဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ဝက်စုံညီအစည်းအဝေးကို ဩဂုတ် ၂၅ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နှစ်ဝက်စုံညီအစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ ပါမောက္ခ ဒေါက်တာ သိန်းဆွေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခ ဒေါက်တာကိုလေးနှင့် ဒုတိယဥက္ကဋ္ဌ(၂)ပါမောက္ခ ဒေါက်တာသာလှရွှေ တို့က ဖတ်ကြားတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးဖြေကြား

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဝင်များက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအပေါ် အကြံပြုမေးမြန်းဆွေးနွေးကြရာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ဟောပြောဆွေးနွေး

ထို့နောက် မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဟောပြောဆွေးနွေးပွဲကိုကျင်းပရာ ဦးအောင်ကြိုင်က မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာနီလာတင်နှင့် ဒေါက်တာဝင်းမြင့်တို့က မြန်မာနိုင်ငံ၏ မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အကြောင်းကိုလည်းကောင်း၊ ဒေါက်တာ ခင်စောနိုင်က မြို့နယ်အဆင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာ ဒေါ်ရီမာဟိန်းက မြို့နယ်အဆင့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍအကြောင်းကိုလည်းကောင်း ဟောပြော ဆွေးနွေးကြသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် (၉) ရပ်ကွက် ဝါယာလက် ၃လမ်း၊ တိုက် ၁၅၊ အခန်း ၂၀၂နေ ကပ္ပတိန်ဦးထွန်းဝင်း-ဒေါ်မာလာထွန်း သားမောင်မြတ်ထွန်းအောင်၊ မောင်ဇော်မြတ်ထွန်း မိသားစုတို့က သုံးထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် ၁၃၅၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)သို့ လာရောက်လှူဒါန်းစဉ်။

(က-ပ)

ဟောင်ကောင်ကလပ်ဘောလုံးအသင်း ချစ်ကြည်ရေးခြေစမ်းပွဲကစားရန်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးဘောလုံးခြေစမ်းပွဲ ယှဉ်ပြိုင်ရန် ဟောင်ကောင်(Kitchee Sports Club)ဘောလုံးအသင်းသည် ယနေ့ည ၈နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှကြိုဆိုကြသည်။**(အောက်ပုံ)**

ယှဉ်ပြိုင်ကစားမည်

ဟောင်ကောင် (Kitchee)ကလပ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ခြောက်ဦး၊ အားကစားသမား ၂၃ ဦး စုစုပေါင်း ၂၉ ဦးပါဝင်ကြသည်။ ချစ်ကြည်ရေး ခြေစမ်းပွဲများအဖြစ် လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဩဂုတ် ၂၈ရက်တွင် ညွှန့်ပေါင်းဘောလုံးအသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၂ရက်တွင် ဘဏ္ဍာ/အခွန် ဘောလုံးအသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၅ ရက်၌ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် လည်းကောင်း နေ့စဉ်ညနေ ၄ နာရီမှစ၍ ချစ်ကြည်ရေးဘောလုံးပွဲ လေးပွဲယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ် (၂)ဝိုင်း ဓမ္မသိပ္ပံစာသင်တိုက်ကြီးအတွင်း၌ စာသင်စာချ သံဃာတော် အရှင်မြတ်များ သီတင်းသုံး နေထိုင်နိုင်ရေးအတွက် ငါးထပ်အာရ်စီ ကျောင်းဆောင်တော်ကြီးများ တည်ဆောက်ရန်အလှူရှင်များ လိုအပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူ အလှူရှင်ဒါယကာ ဒါယိကာမများသည် ဖုန်း-၅၆၀၄၄၃ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

(က-ပ)

တွေ့ဆုံမှာကြား

တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း အဖွဲ့ဝင်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမတွင် တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်များ ဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အားပေးစကားပြောကြား

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း မထွက်ခွာမီ တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အထူးဧည့်ခန်းမ၌ တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာ-တရုတ်နှစ်နိုင်ငံ အကျိုးတူပူးပေါင်းရေး နားလည်မှုစာချွန်လွှာ MOU လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနတို့သည် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာ MOU များကို ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းအခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ Chief Executive Officer Mr. Deng Chongyunသည် မြန်မာ့ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် မုံရွာ တစ်နေ့တန် ၂၀၀ ပျော့ဖတ်နှင့် စက္ကူစက်ရုံစီမံကိန်းနှင့် သစ်တောစိုက်ခင်း ထူထောင်ရေးစီမံကိန်းအတွက်လည်းကောင်း၊ စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် Downstream Oil & Gasစီမံကိန်းများ တည်ဆောက်ရေးအတွက်လည်းကောင်း နားလည်မှု စာချွန်လွှာ MOU များလက်မှတ်ရေးထိုးခဲ့ကြပြီး MOU များကို အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်တရားတော်များ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၆

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဩဂုတ် ၃၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် မရမ်းကုန်းမြို့နယ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ(ဓမ္မာစရိယ)အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းကျောင်း ဦးစီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်မြောက်ပိုင်းဒေသ မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဩဂုတ် ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၂၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်မည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဩဂုတ် ၂၆ရက်က ဒဂုံမြို့နယ် အလက(၂) သူငယ်တန်း(က)မှ ကျောင်းသူလေး မနှင်းနေခြည်၏ ငါးနှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူလေးများအား အာဟာရအဖြစ် ကြက်သားဆန်ပြုတ်ကျွေးမွေးရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်နှင့် ကျောင်းကျန်းမာရေးအသင်း တာဝန်ခံဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကိုသိမြင်လာကြသောတောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသောလုပ်ရပ်များအပေါ်နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်းအရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄)၊ ရင်း(၂)မှ တပ်သားမြင့်လွင်သည်လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်း လက်နက်ကိုင်အဖွဲ့ရင်း(၃)မှ တပ်ကြပ်ကြီးအဆင့်ရှိ နိုင်စိုး (ခ) နိုင်လင်းထက်သည်လည်းကောင်း၊ မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အောင်ဇော်လတ်သည်အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်အတောင့်၂၀တို့ဖြင့်လည်းကောင်း၊ ဒု ဗိုလ်အဆင့်ရှိ ဟဒိုသည် အေကေ-၄၇မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ရိုင်ဖယ်တစ်လက်၊၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၄၀တို့ဖြင့်လည်းကောင်း၊ အကောက်တာဝန်ခံ မောင်ဉာဏ်သည်အေကေ-၄၇မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်ခုနစ်တောင့်တို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့တပ်မဟာ(၄)၊ရင်း (၁၁)မှ တပ်သားလှသိန်းနှင့် ထွန်းပိုက်တို့သည် လက်ပစ်ဗုံးနှစ်လုံးဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့တပ်မဟာ (၇၅၉)၊ ရင်း (၆၂၆)မှ တပ်သားအိုက်စိန်သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၁၂၀၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှစိုင်းနွံ့သည်လည်းကောင်း၊ လားဟူတောတွင်းလက်နက်ကိုင်အဖွဲ့(အယ်လ်ဒီအက်ဖ်)မှ ဒုတိယဥက္ကဋ္ဌအဆင့်ရှိ ဦးခင်မောင်လတ်(ခ) ကျဒေနှင့်ဇနီးဒေါ်ဟဲမီ၊ အတွင်းရေးမှူးအဆင့်ရှိ ဦးယောဟန်၊ တွဲဖက်အတွင်းရေးမှူးအဆင့်ရှိ ဦးကျထော(ခ)ဗေးလေနှင့်ဇနီး ဒေါ်နားမီး၊ တပ်ခွဲမှူးအဆင့်ရှိ ဦးဝင်းမောင်(ခ)ယောဟန်၊တပ်သား ဂူဂျာ၊ ကျဘို၊ ယားပါ၊ကျဝေ့၊ ကျဟဲ၊ ကျခီး၊ ကျကျူး၊ပါဖူး၊အဲနော့၊ ကျဟား၊ ကျကျစ်၊ ကျူခတ်၊ ကျူးက၊ ကျဟဲ၊ ကျဖ၊ ကျနူး၊ ကျခီးကျဘို၊ ကျလော၊ ကျရော်၊ အယ်ဝေး၊ ကျဖူး၊ ကျဖူးဒိန်၊ ပီတာလု၊ ယာဖိုနှင့် ၎င်းတို့၏မိသားစုဝင်များဖြစ်ကြသည့် အီနန်း၊ နားလော်စေး၊ နားလယ်၊ လဲအာ၊ နားဟယ်တို့သည်ခြောက်လုံးပြူးနှစ်လက်၊ပစ္စတိုတစ်လက်၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ်လေးလက်၊ ကာဘိုင်တစ်လက်၊ တစ်လုံးထိုးသေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံ လေးခု၊ ကျည်မျိုးစုံ အတောင့် ၂၉၀၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံး၊ ယမ်းတောင့် တစ်တောင့်တို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ ၄၅ဦးအား သက်ဆိုင်ရာတပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီ ဆိုင် မြို့ လမ်းဘေး ဝဲယာရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး အတွက် ဇူလိုင် ၂၄ရက်က မြို့ တွင်း လမ်း ဘေး ရေမြောင်းရှင်းလင်းခြင်း ကို အ မှူးဆောင် အရာရှိ ဦး ဝင်း ဖေ နှင့် ဟို ခဲ ရပ် ကွက် ဥက္ကဋ္ဌ ဦးဝင်းဖေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

အနောက်ပိုင်းခရိုင် ရိုးရာယဉ်ကျေးမှု ဆိုကaရေးတီးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက အလုံမြို့နယ် အလုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆုရရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြိုင်ပွဲတွင် ခရိုင်တံခွန်စိုက်ဆုရသော ဗဟန်းမြို့နယ်အား ခရိုင်တံခွန်စိုက် ဆုချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများက အဆို၊အကများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း Software Industry စာတမ်းများ ဖတ်ကြားမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCSA)နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ်၂၈ရက် နံနက်၈နာရီတွင် လှိုင်မြို့နယ်ရှိ MICT Park၌ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံ Software နည်းပညာဖွံ့ဖြိုးမှုကိုရည်ရွယ်၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ Issues in Establishing Myanmar Software Industryခေါင်းစဉ်ဖြင့် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌဦးသိန်းဦးက Software Industries Biz Model စာတမ်းကိုလည်းကောင်း၊ အလုပ်အမှုဆောင်ဦးထွန်းသူရသက်က Software Development Opportunities and Challenges စာတမ်းကိုလည်း ကောင်း၊ အလုပ်အမှုဆောင် ဦးသောင်းစုငြိမ်းက Challenges in E-commerce စာတမ်းကိုလည်းကောင်း၊ အလုပ်အမှုဆောင် ဦးဇော်နိုင်က A Foreign IT Firm Experience in Myanmar စာတမ်းကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးထွန်းခိုင်က Goal Directed Product Development စာတမ်းကိုလည်းကောင်းဖတ်ကြား မည်ဖြစ်သည်။

ဩဂုတ် ၂၉ရက် နံနက်၉နာရီတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်က Soft Infrastructureခေါင်းစဉ်ဖြင့် Cyber Securityစာတမ်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းထွဋ်က Public Key Infrastructure စာတမ်းကိုလည်းကောင်း၊ အလုပ်အမှုဆောင် ဦးဇော်ထွဋ်က Outsourcing Issues စာတမ်းကိုလည်းကောင်း၊ အလုပ်အမှုဆောင် ဦးရဲရင့်ဝင်းက Mature Profession စာတမ်းကိုလည်းကောင်း၊ အလုပ်အမှုဆောင် ဦးသောင်းစုငြိမ်းက Software Services and Contractual Agreement စာတမ်းကိုလည်းကောင်း ဖတ်ကြားမည်ဖြစ်သည်။

ဩဂုတ် ၂၉ရက် မွန်းလွဲ၁နာရီတွင် Development Environment ခေါင်းစဉ်ဖြင့် Unified Modeling Languageစာတမ်းကိုလည်းကောင်း၊ Net,J2EE,Open-source Platformစာတမ်းများတို့ကို ကွန်ပျူတာပညာရှင်များက ဖတ်ကြားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းဆင်းကြည့်ရှု

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် လက်ထောက် အင်ဂျင်နီယာ ဦးအောင်စိုးနှင့်အဖွဲ့ ဦးအောင်ဖဲဝေလမ်းသာသနာ့ဗိမာန်ရှေ့စကြံ့ပြုလုပ်မှုကို မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးထူးကျော်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (က-ပ)

အခြေခံနှင့်အဆင့်မြင့် အိမ်တွင်းမှုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မြဝတီမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း၏ အခြေခံသင်တန်း အမှတ်စဉ် (၂၁)နှင့် အဆင့်မြင့် သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီခွဲက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ညိုညိုမြင့်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက Canon အမျိုးအစား Printer တစ်လုံးကို ကျောင်းသို့ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းရင်းဆေး ဆေးဝါးများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

နှစ်စဉ်နှစ်တိုင်း ဝါတွင်းသုံးလ လပြည့်လကွယ်နေ့တိုင်း လူမျိုးဘာသာမရွေး ဝေဒနာရှင်များအား ဆေးဝါးများလှူဒါန်းပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားကြီးဈေးတန်း မိခင်တိုင်းရင်းဆေးကုခန်းတွင် ဝါဆိုလပြည့်နေ့က အကြိမ်(၂၀)မြောက်ကျင်းပရာ ဆရာဦးမြင့်သောင်းနှင့်အဖွဲ့က နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ဝေဒနာရှင်များအား စမ်းသပ်ကုသ၍ ဆေးဝါးများ လှူဒါန်းလျက်ရှိသည်။ ဝေဒနာရှင်များ အခမဲ့ဆေးကုသလိုပါက မိခင်တိုင်းရင်းဆေးတိုက် ဖုန်း-၂၀၁၆၇၄သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြသည်ဟု သိရသည်။

(၃၂၀)

အပြောင်းအလဲဇာတ်ကား ရုံသုံးရုံ တစ်ပြိုင်တည်းဝင် ပြသဆဲဇာတ်ကားများ ဆက်လက်အောင်ပွဲခံ

ရန်ကုန် ဩဂုတ် ၂၆

ဝတ္ထုနှင့် ဒါရိုက်တာ မောင်မျိုးမင်း၏ အပြောင်းအလဲဇာတ်ကား ယခုအပတ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတွင် တစ်ပြိုင်တည်းဝင်ရောက်လာသည်။

'အပြောင်းအလဲ' ဇာတ်ကားတွင် လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ဦးအောင်လွင်နှင့် သျှားညီညိုတို့ ခေါင်းဆောင်ပါဝင်ထားသည်။

သားဖြစ်သူက လူငယ်တို့ဘဝ ခေတ်ဆန်ဆန်နေတတ်သူဖြစ်ပြီး ဖခင်ဖြစ်သူသည် လူကြီးပီပီ စည်းကမ်းတိကျကာ တည်ကြည်သူတစ်ဦးဖြစ်သည်။

တစ်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင် ဖခင်သည် လေ့ကားမှချော်ကျပြီး သတိလစ်သွားသလို သားကလည်း စက်ဘီးစီး၍ ချော်လဲကာ သတိလစ်သွားသည်။ သတိမေ့နေစဉ် စိတ်စွဲမိစွဲရာစွဲပြီး နဂိုမူလ ကိုယ်နှင့်စိတ် မရှိတော့ဘဲ သားကိုယ်နှင့် ဖခင်စိတ်၊ ဖခင်ကိုယ်နှင့် သားစိတ်အပြောင်းအလဲ ဖြစ်သွားသည်။ သတိပြန်လည်လာသောအခါ စိတ်ထဲတွင် အိပ်မက်တစ်ခုကို ပြိုင်တူမက်နေမှန်း သိလိုက်ရသည့် အဖြစ်ကို ပရိသတ်၏ ဟာဒယနှလုံးရွှင်ပြုံးအောင် ဟာသနှောကာ စိတ်ကူးယဉ်ဆန်ဆန်ရိုက်ကူးထားသည်။

ဒါရိုက်တာမောင်မျိုးမင်း၏ **'ပြုံးနေရင်သတိထား'** ဇာတ်ကား ရွှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများတွင် ပြသလျက်ရှိသည်။ ဤဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ သျှားညို၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေ၊ ပုလဲဝင်း၊ ပြေတီဦးနှင့် မြင့်မြင့်ခိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

The Long Kiss Goodnight ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ရွှေဂုန်ရုံတွင် Greena Davis, Sameul L.Jacksonနှင့် Yvonne Zima ပါဝင်သရုပ်ဆောင်ထားသော The Long Kiss Goodnight ဇာတ်ကား ရုံဝင်လာသည်။ စမင်သာဆိုသူ အမျိုးသမီးသည် အတိတ်မေ့နေရာမှ ယာဉ်တိုက်မှု ဖြစ်ပြီး ယခင်ဖြစ်ပျက်မှုများကို ပြန်မြင်ရောင်လာကာ ဒုစရိုက်သမားများ၏ အန္တရာယ်ကြားမှ သူမ၏သမီးကို ရဲဝံ့စွာနှံ့စားစွာ

ရုပ်ရှင်သတင်းထောက်

ကယ်ထုတ်နိုင်ခဲ့ပြီး ရန်သူဟူသရွေ့ အသက်ကို ပဓာနမထားဘဲ ရင်ဆိုင်တိုက်ခိုက်ပုံကို ရိုက်ကူးထားသည်။

တန်းမြင့်မြို့မရုပ်ရှင်ရုံတွင် ဒါရိုက်တာ P.Vasuရိုက်ကူးပြီး Ajay Devgan, Arshad warsi, Neha, Mayuri Kanguoနှင့် Ketaki Daveတို့ ပါဝင်သရုပ်ဆောင်ထားသော Hogi Pyar Ki Jeet ဇာတ်ကား ရုံဝင်လာသည်။

(မြန်မာ့အလင်း)

သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ကျပ်သိန်း ၇၆ တန် ကိုယ့်အားကိုယ်ကိုးသီရိမာလာလမ်း လမ်းကြမ်းခင်းခြင်းလုပ်ငန်းအတွက် ဩဂုတ် ၂၃ ရက်က (ခ)ရပ်ကွက် စိန့်ဂျိုးဇက် ခရစ်ယာန်ဘုရားကျောင်းခန်းမတွင် ကန်ထရိုက်တာ ဦးမောင်ထွန်း(ခ)ဦးရဲအောင်အား သီရိမာလာနိုင်လွန်ကတ္တရာလမ်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှ (မိဘမေတ္တာ)က စရန်ငွေ ငါးသိန်းပေးအပ်စဉ်။ (က-ပ)

အပြောင်း အလဲ

အပြောင်းအလဲ ဇာတ်ကားမှ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်ဟန်။

အေသင်အိုလံပစ်အားကစားပွဲတော်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ အီရတ်နှင့်အီတလီတို့ ယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၂၆

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် အီရတ်နှင့် အီတလီအသင်းတို့ ဂရိနိုင်ငံသက်ဆာလိုနီကီမြို့ရှိ ကာ့ဖ်တန်ဇိုလီရီအားကစားကွင်း၌ ဩဂုတ် ၂၇ ရက်**(ယနေ့)** တွင်ကစားရမည်ဖြစ်သည်။

အာရှမှ အီရတ်အသင်းတစ်သင်းတည်းသာ အိုလံပစ်အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သလို ဥရောပမှ အီတလီအသင်းတစ်သင်းတည်းသာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အီရတ်သည်အကြိုဗိုလ်လုပွဲ၌ ပါရာဂွေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး အီတလီအသင်းက အာဂျင်တီးနားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သဖြင့် တတိယနေရာလုပွဲအဖြစ် အီရတ်နှင့်အီတလီတို့ **(ယနေ့)**ကစားကြမည်ဖြစ်သည်။

ပါရာဂွေးကိုရှုံးခဲ့

အီရတ်အသင်းသည် အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲများတွင် တစ်ဖက်အသင်းများ အံ့အားသင့်လောက်အောင် ခြေစွမ်းပြနိုင်ခဲ့ပြီးမှ အကြိုဗိုလ်လုပွဲတွင် ပါရာဂွေးအသင်းကို ရှုံးခဲ့ရခြင်းဖြစ်သည်။

အီရတ်အသင်းမှာ အနိုင်ရလိုမှု စိတ်ဓာတ်ပြင်းပြပြီး စည်းလုံးညီညွတ်မှုရှိသော အသင်းလည်းဖြစ်သည်။ အီရတ်အသင်းခြေတွေ့ပါကမည်သည့် တစ်ဖက်အသင်းကိုမဆို ထိုးဖောက်ကစားပြီး အနိုင်ရနိုင်စွမ်းရှိရာ အထနေ့ပြီး ကစားကွက်လေးသော အီတလီတို့ အကျပ်အတည်းကြုံရမည့်အနေအထားရှိသည်။

သတိထားရမည်

အီရတ်အသင်းကစားအားကောင်းသဖြင့် တစ်ဖက်နောက်တန်းခံစစ်မှူးများကို ကွင်းတစ်ဝက်ဖိကစားပြီး ထိုးဖောက်တိုက်စစ်ဆင်လျှင် တစ်ဖက်အသင်းခံစစ်ကြောင်း ပြိုဆင်းအောင် မွှေနောက်ကစားနိုင်ကြရာခံစစ်ကြောင်းမလုံသောအီတလီတို့သတိကြီးစွာထားပြီးကစားမှတော်ကာကျမည်ဖြစ်သည်။

အထူးသဖြင့် ဆာဒ့်အတီရာသည် တိုက်စစ်ကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်သူဖြစ်ပြီး ရှေ့နောက် လိုက်ပါကစားနိုင်သဖြင့် အီရတ်တို့ ဘယ်ညာတောင်ပံမှ ထိုးဖောက်ကစားမှုကို အကြိမ်အတော်များများ ပြုလုပ်နိုင်ခဲ့ကြသည်။ အီရတ်ခံစစ်ကြောင်း အားနည်းမှုမှာ တစ်ဖက်အသင်းအုပ်စုဖွဲ့ ထိုးဖောက်ကစားပါက အမှားအယွင်းများ ပြုလုပ်တတ်ရာ သတိထားရမည်ဖြစ်သည်။

အေသင်အိုလံပစ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် အီရတ်နှင့် ပါရာဂွေးအသင်းတို့ပွဲတွင် ပါရာဂွေးတိုက်စစ်မှူး ဖရက်ဒီဘာရီနို(အပေါ်)၏ ထိုးဖောက်ကစားမှုကို အီရတ်နောက်ခံလူ ဂျာဘာဟိုင်ဒါ ဟန့်တားနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တတိယနေရာယူမည်

အီရတ်တိုက်စစ်မှူးများဖြစ်သည့် ကူဆေးမိုနီရာ၊ အီမက်မိုဟာမက်နှင့် ယူနစ်မာမွတ်တို့က ခြေစွမ်းထက်မြက်ပြီး တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားနိုင်ခဲ့ကြသည်။ အီရတ်တို့ အာရှဖလားပွဲမှ အိုလံပစ်အားကစားပွဲတော်ကို ဆက်တိုက်ဆင်နွှဲခဲ့ရသော ဘောလုံးသမားများပါဝင်နေမှုကြောင့် ပွဲပန်းမှု ဖြစ်ပေါ်နေသော်လည်း အေသင်အိုလံပစ်၌ ယခုအနေအထားအထိ ရောက်အောင် ကြိုးစားခဲ့ပြီးကာမှ တတိယနေရာကို ရအောင်ယူတော့မည်ဖြစ်သည်။

အီရတ်နောက်တန်းခံစစ်မှူးများက တိုက်စစ်တွင် လိုက်ပါကစားနိုင်ရာ သို့သော် အတွေ့အကြုံတွင် အီရတ်တို့က အိုလံပစ်ပြိုင်ပွဲသုံးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာ ၁၉၈၀ ပြည့်နှစ် မော်စကိုအိုလံပစ်၌ ကွာတားအထိ ရောက်ခဲ့ဖူးသည့်အစဉ်အလာရှိနေသည်။

အီရတ်တို့ အိုလံပစ်ပြိုင်ပွဲ သုံးကြိမ်ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့သည့် အတွေ့အကြုံရှိသော်လည်း ယခုနှစ် အေသင်အိုလံပစ်၌ ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲအထိ ရောက်နိုင်ခဲ့ခြင်းဖြစ်ရာ သမ္မာနှင့် ပညာတွင် အီတလီတို့ကိုမမီပေ။ အီရတ်တို့ အီတလီကိုခြေရည်တူ ကစားနိုင်သော်လည်း အီတလီကို အနိုင်ယူပြီး တတိယနေရာရရှိရန်မှာ လက်တွေ့၌ လွယ်ကူလှသည်မဟုတ်ချေ။

အားရဖွယ်မရှိ

အီရတ်နှင့် တတိယနေရာလုပွဲကစားရမည့် အီတလီအသင်းသည် အေသင်အိုလံပစ်ပြိုင်ပွဲ မစတင်မီက ဗိုလ်စွဲမည့်အသင်းအဖြစ် ရေပန်းစားခဲ့သော အသင်းဖြစ်သည်။ အီတလီအသင်းမှာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်လာခဲ့သော်လည်း ကစားပုံမှာ အားရဖွယ်မရှိပေ။

လိုအပ်ချက်များရှိ

တစ်ဖက်အသင်းကို မာမာတင်းတင်း တုံ့ပြန်ကစားနိုင်သော အီရတ်အသင်းကို အီတလီတို့ ခြေကုန်ထုတ်ကြိုးစား ကစားပါက အနိုင်ရနိုင်ဖွယ်ရှိသည်။ အီတလီရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် စကူလီ၊ ဂီလာဒီနိုတို့က တစ်ဖက်အသင်းနောက်တန်းကို ထိုးဖောက်ကစားနိုင်သော်လည်း အဆုံးသတ်ဂိုးသွင်းမှုတွင် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

အီတလီနောက်တန်းခံစစ်မှူးများဖြစ်သည့် မိုရက်တီ၊ ဖာရာရီ၊ ဘိုနီရာနှင့် ဘိုဗိုတို့က မလိုအပ်ဘဲ ဘောလုံးကိုင်ကစားမှုကြောင့် ဘောလုံးအပျက်များလျက်ရှိပြီး ဂိုးပေးရလုနီးပါး အခြေအနေများလည်း ဖြစ်ပေါ်ခဲ့ရသည်။ သို့သော် အီတလီနောက်တန်းသည် တည်ငြိမ်မှုရှိရှိဖြင့် ထိန်းထိန်းသိမ်းသိမ်း ကစားနိုင်ရာ အီတလီတို့ ကွင်းလယ်ကစားကွက်စိုးမိုးပြီး တိုက်စစ်ဆင်နိုင်ပါက အီရတ်အသင်းကို အပေါ်စီးမှ ကစားသွားနိုင်သည်။

အီတလီအသင်း အိုလံပစ်သမိုင်းတွင် (၁၂)ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၃၆ ခုနှစ် ဘာလင်အိုလံပစ်ပွဲတော်၌ တစ်ကြိမ်ဗိုလ်စွဲခဲ့ဖူးသော မှတ်တမ်းရှိနေသည်။ ထို့ပြင် အေသင်အိုလံပစ်ပြိုင်ပွဲအတွက် ကျင်းပသည့် ဥရောပ ယူ-၂၁ ပြိုင်ပွဲတွင်လည်း အီတလီတို့ ဗိုလ်စွဲနိုင်ခဲ့သည်။ ဥရောပယူ-၂၁ကို အခြေခံဖွဲ့စည်းထားသော အီတလီအသင်းကို အနိုင်ရရှိရေးမှာ အီရတ်တို့ တော်ရုံကြိုးစား၍မရနိုင်ပေ။

အီရတ်နှင့် အီတလီတို့ အိုလံပစ်ပွဲတော်တွင် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သည်။

ရွှေတံဆိပ်ဆုမှန်းပြီး အေသင်အိုလံပစ်အားကစားပွဲတော်သို့ ချီတက်လာသော အီတလီအသင်းအနေဖြင့် အီရတ်အသင်းအား မည်သို့မည်ပုံကစားပြီး အနိုင်ယူကာ ကြေးတံဆိပ်ရယူမည်လား၊ အီရတ်တို့ကပင် ရရှိသွားမည်လားဆိုသည်ကို စောင့်ကြည့်ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်တတိယအဆင့် ဒုတိယအကျော့ပွဲစဉ်များ ဂျူဗင်တပ်၊ မန်ယူနှင့်ရီးရဲမက်ဒရစ်တို့ ဂိုးပြတ်နိုင်

မက်ဒရစ် ဩဂုတ် ၂၆

ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၂၄ ရက်နှင့် ၂၅ရက်တို့တွင် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဩဂုတ် ၂၄ရက်က ကစားခဲ့သောပွဲစဉ်များကို သတင်းဖော်ပြပြီးဖြစ်သည်။ ကျန်ရှိသောဘောလုံးပွဲ ၁၀ပွဲဩဂုတ် ၂၅ရက်ကယှဉ်ပြိုင်ကစားခဲ့ကြပုံကို ဆက်လက်ဖော်ပြလိုက်ပါသည်။

မက္ကာဘီအနိုင်ရ

အစ္စရေးမှ မက္ကာဘီအသင်းနှင့် ဂရိမှ စလိုနီကာအသင်းတို့ ဘလွန်းဖီးလ်ကွင်း၌ယှဉ်ပြိုင်ကစားရာမက္ကာဘီအသင်းက စလိုနီကာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ဂိုးကို တာမီယာဂိုဟန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒီနာမိုကီယက်ဗ်အနိုင်ရ

တူရကီမှ ထရက်ဇွန်စပိုအသင်းနှင့်ယူကရိန်းမှဒီနာမိုကီယက်ဗ်တို့သည် အာကာကွင်း၌ ယှဉ်ပြိုင်ကစားရာ ဒီနာမိုကီယက်ဗ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ဂိုးကို ဂိုရန်ဂါရန်ဆစ်နှင့် ဒီယိုဂိုရင်ကွန်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

စပါတာပရာ့ဂ်အနိုင်ရ

ချက်မှ စပါတာပရာ့ဂ်အသင်းနှင့် ဟန်ဂေရီမှ ဖီရန်ဘာရော့စ်အသင်းတို့သည် လီသာကွင်း၌ ယှဉ်ပြိုင်ကစားရာ စပါတာပရာ့ဂ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ဂိုးများကို လူးကက်စ်ဇီလင်ကာနှင့် ဂျာရီဟိုမိုလာတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံမှ ဘရူဂေးအသင်းနှင့် ယူကရိန်းမှ ရှတ်တာဒိုးနက်စ်အသင်းတို့သည် ဂျန်ဘရိုင်ရယ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက်နှစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။

ဘရူဂေးအသင်းအတွက် နက်စ်ဂျာစိက ၁၄မိနစ်တွင် တစ်ဂိုး၊ ၃၅မိနစ်တွင် ပယ်နယ်တီ တစ်ဂိုးသွင်းယူခဲ့သည်။ ရှတ်တာဒိုးနက်စ်အသင်းအတွက်ဘူကစ်က ငါးမိနစ်တွင် တစ်ဂိုး၊ ၅၃မိနစ်တွင် တစ်ဂိုးသွင်းပေးခဲ့သည်။

အိုင်ဟိုဗင်အနိုင်ရ

ဟော်လန်မှ အိုင်ဟိုဗင်အသင်းနှင့် ဆာဘီးယားမှ ရက်ဒ်စတားဘဲဂရိတ်အသင်းတို့သည် ဖီးလစ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ အိုင်ဟိုဗင်က ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ဂိုးများကို ဗင်ဘွန်မဲလ်က နှစ်ဂိုး၊ ဒါမာကပ်ဘီစလီ၊ ဒီချောင်၊ ဂျန်ဗီနီဂေါ်တို့က တစ်ဂိုးစီသွင်းပေးခဲ့သည်။

အော့စရာဗာအနိုင်ရ

ချက်မှအော့စရာဗာအသင်းနှင့် ဂျာမနီမှလေဗာကူဆင်အသင်းတို့သည် ဘဇာလီကွင်း၌ ယှဉ်ပြိုင်ကစားရာ အော့စထရာဗာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ အော့စထရာဗာအသင်းအတွက် မိုက်ကယ်ပါရာဒိုပူလော့စ်နှင့်လီဘော်ဖူးရက်တို့က သွင်းယူခဲ့ပြီး လေဗာကူဆင်အတွက် ချေပဂိုးကိုဒီမီတာဘာဘာတော့ဗ်က သွင်းပေးခဲ့သည်။

ဂျူဗင်တပ်အနိုင်ရ

ဆွီဒင်မှ ဂျာဂါဒင်နှင့် အီတလီမှ ဂျူဗင်တပ်တို့သည် စတော့ဟိုလန်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂျူဗင်တပ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဂျူဗင်တပ်အတွက် ဂိုးများကို ဒယ်လ်ပီယာရို၊ ဒေးဗစ်ထရက်ဇီဂေး၊ နက်ဗက်တို့က တစ်ဂိုးစီသွင်းပြီးချိန်တွင် ထရက်ဇီဂေးက တစ်ဂိုး ထပ်မံသွင်းပေးလိုက်သည်။ ဂျာဂါဒင်အတွက် ဂျိုဟန်အာနင်က တစ်ဂိုးသွင်းခဲ့သည်။

စကော့တလန်မှရိန်းဂျားစ်အသင်းနှင့် ရုရှားမှ စီအက်စ်ကေအေ အသင်းတို့ အီဘာရော့ကွင်း၌ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်တစ်ဂိုးစီသရေဖြစ်သွားသည်။ ရိန်းဂျားစ်အတွက် စတီဗင်သော်မဆင်က တစ်ဂိုးသွင်းပြီး စီအက်စ်ကေအေအတွက်ဗာနာလပ်က တစ်ဂိုးသွင်းပေးခဲ့သည်။

မန်ချက်စတာအနိုင်ရ

အင်္ဂလန်မှ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ရိုမေးနီးယားမှ ဒီနာမိုဘူခါရက်အသင်းတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ မန်ယူအတွက်အနိုင်ဂိုးများကို လူသစ်အလန်စမစ်က နှစ်ဂိုးသွင်းပေးပြီး ဒေးဗစ်ဘီလီယံက တစ်ဂိုးသွင်းပေးခဲ့သည်။

ရီးရဲမက်ဒရစ်အနိုင်ရ

စပိန်မှ ရီးရဲမက်ဒရစ်အသင်းနှင့် ပိုလန်မှ ဝစ်စလာကရာကော့အသင်းတို့သည် ဆန်တီယာရိုကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ရိုနယ်ဒိုက နှစ်ဂိုး၊ ဖရန်ဆစ္စကိုပါဗွန်က တစ်ဂိုးသွင်းယူခဲ့ပြီး ဝစ်စလာ ကရာကော့အတွက် ဒါမီယန်ရီရာစကီက တစ်ဂိုးသွင်းခဲ့သည်။ **(အင်တာနက်)**

စလိုနီကာအသင်းက ကော့ဆစ်ဂျော်ဂျီယို(ယာ)နှင့် မက္ကာဘီအသင်းမှ ရီးအစ်ဘရူနိုတို့ ဘောလုံးယှဉ်လုစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြီးတန်းစနူကာပြိုင်ပွဲ

ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Rave Myanmar Snooker စနူကာအကြီးတန်းပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲများကို ယနေ့ Game City တွင် ကျင်းပရာ အောင်ဆန်းဦး(မန္တလေး)က ခွန်ဇော်ထွေး(ရှမ်းပြည်နယ်)ကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ထင်ရ(မန္တလေး-မြို့မအသင်း)က ခင်မောင်ဇော်(ရန်ကုန်)ကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ဇော်ထွန်းက ဝင်းရွှေကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဇော်သန်းထိုက်(တောင်ကြီး ချယ်ရီ)က မင်းမင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ပြိုင်ပွဲများကို ဩဂုတ် ၂၇ရက်**(ယနေ့)** နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၈-၂၀၀၄

ရန်ကုန်မြို့လယ်	၁ ဒသမ ၀၉ လက်မ
ကမ္ဘာအေး	၀ ဒသမ ၇၉ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၆၃ လက်မ

မှတ်သားဖွယ်ရာမိုးရေချိန်

မောင်တောမြို့	၂ ဒသမ ၈၇ လက်မ

အလိုတော်ပြည့် (၁၀)ရက် ဝိပဿနာတရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၁၀ ရက် (ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၉ရက်)အထိ ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျံအရှင်ဥတ္တရ (ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနတို့က သတိပဋ္ဌာန် အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီအရောက် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၅၄၅၃၃၇၊ ၀၉-၈၀-၃၀၆၆၆ နှင့် ၀၉-၅၀-၁၄၅၀၀တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ဗဟိုအလုပ်အမှုဆောင်ဦးသိန်းစိန် နိုင်ငံတော်မူဝါဒပို့ချ

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သောအခြေခံ စည်းရုံးရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းသားဂ၅ဦးတို့အား နိုင်ငံတော်မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပုံနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

အဖဦးကြူကူး၏သမီး မလဲ့လဲ့ဝင်းလှိုင်အား ယနေ့မှစ၍ မလဲ့လဲ့ခိုင် ၁၀/မလမ (နိုင်)၁၃၉၁၁၂ ဟုပြောင်းလဲခေါ်ပါရန်။

မလဲ့လဲ့ခိုင်။

ဂုဏ်ထူးဦးအောင်ခိုင်

ESSAYS & LETTERS

ရောင်းမည်

ရောင်းမည်-ညောင်ပင်လေးပလာဇာလေးလွှာ ၁၅၅၀ sq-ft ဖုန်းပါအဆင့်မြင့်ပြင်ပြီး။ **ဝယ်မည်**-မြို့တွင်း Down Town(ဆိုင်ဖွင့်ရန်)မြေညီထပ်တိုက်ခန်းတစ်ခန်း၊ အင်းစိန်၊ မရမ်းကုန်း၊ တောင်ဥက္ကလာပမြို့နယ်များမှ မြေကွက်များ ဝယ်လိုပါသည်။ (ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။)

ဖုန်း-၃၈၀၇၁၈။

ဗိုလ်တထောင် အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၆

ဗိုလ်တထောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် ဒီဇင်ဘာ ၅ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုဝင်ဘာ ၁၂ရက် နောက်ဆုံးထား၍ ဒေါ်ခင်စန်းမြင့် ဖုန်း-၂၉၁၂၇၂၊ ဒေါ်နွဲ့နွဲ့သောင်း ဖုန်း-၂၉၉၃၀၅၊ ဦးမောင်မောင်အောင် ဖုန်း-၀၉-၅၀-၀၇၁၂၁၊ ၂၉၃၂၀၈၊ ဒေါ်အေးမာကျော် ဖုန်း-၂၉၈၄၀၅ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ယူနီဆက်နှင့်ယူအင်ဒီပီတို့မှဌာနေကိုယ်စားလှယ်များ စစ်သားစုဆောင်းမှုအခြေအနေများလေ့လာ

ရန်ကုန် ဩဂုတ် ၂၆

UNICEF မှ ဌာနေကိုယ်စားလှယ် Mrs. Carroll C.Long၊ ဒုတိယဌာနေကိုယ်စားလှယ် Mrs. Elke Wisch နှင့် UNDP မှ ဌာနေကိုယ်စားလှယ် Mr. Charles Petrie တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုရှိန်တို့ လိုက်ပါ၍ ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတပ်နယ်ရှိ တပ်မတော်စစ်သားစုဆောင်းရေးတပ်သို့ သွားရောက်၍စစ်သားစုဆောင်းရေးဆိုင်ရာများကို ကြည့်ရှုလေ့လာကြသည်။

ပြသရှင်းလင်း

ယင်းအဖွဲ့အား တပ်မတော် စစ်သားစုဆောင်းရေးတပ်၌ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီး အောင်စံတင်နှင့်အဖွဲ့က လက်ခံတွေ့ဆုံ၍ တပ်မတော်တွင် ကျင့်သုံးနေသော တပ်သားသစ်စုဆောင်းရေးဆိုင်ရာမူဝါဒ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင်တပ်မတော်အနေဖြင့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တပ်သားသစ်များကို စနစ်တကျ စုဆောင်းလျက်ရှိကြောင်း၊ အသက် ကန့်သတ်ချက်အနေဖြင့် (၁၈)နှစ်မှ (၂၅) နှစ်အထိ ပြဋ္ဌာန်းထားရှိကြောင်း၊ ပြဋ္ဌာန်းချက်နှင့် မကိုက်ညီသူများ၊ အသက်ငယ်ရွယ်လွန်းသူများနှင့် စစ်မှုထမ်းဆောင်ရန် ဆန္ဒမရှိသူများကို လုံးဝစုဆောင်းခြင်း မပြုရေး အမြဲကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး နံရံကပ်ကြော်ငြာ၊ လက်ကမ်းစာစောင်များ၊ တပ်ဝင်စာချုပ်စာတမ်းများကို ရှင်းလင်းပြသခြင်း၊ တပ်သားသစ်များ လက်ခံခြင်း၊ အနားယူအပန်းဖြေခြင်း၊ စားသောက်နေထိုင်ခြင်းများကို မှတ်တမ်းတင် ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် စုစည်းထားရှိသည့် တပ်သားသစ် ၁၆၄ ဦးတို့အား တွေ့ဆုံ၍ ကြည့်ရှုလေ့လာ မေးမြန်းခဲ့ကြပြီး**(အပေါ်ပုံ)** တပ်မတော်စစ်သားစုဆောင်းရေးတပ်မှ ညနေပိုင်းတွင်ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၄ခုနှစ် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၃၁ပေခန့်မှ ၂၁ဒသမ ၁၀ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဩဂုတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉-၈-၂၀၀၄ ရက်နေ့

၂၀၀၄ ခုနှစ် စက်တင်ဘာလအတွက်

(၁၂-၉-၂၀၀၄) ရက်နေ့ နှင့် (၂၆-၉-၂၀၀၄) ရက်နေ့

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English : AUG - 23,30
Pre-Intermediate English : AUG - 21,23
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,4 Skills : AUG - 23,28
No.190, 2nd Flr., 28th St. (Upper Block), Pabedan Tsp. ☎ 243950

ဦးအောင်ထိန်းကျော်

(Translation)

Sep 2/4/6 စမည်

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)၏

ဝတ္ထုသစ်

စန္ဒကူးစံအိမ်

ထွက်ပါပြီ

ဦးကျော်ဝေယျ

ဦးကျော်ဝေယျ

သေသွားသည့်တိုင်

ပရီမီးယားလိဂ် ပွဲစဉ်(၄) ဆက်လက်ယှဉ်ပြိုင်မည် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အမှတ်ပြည့်ရနိုင်

ကိုထွေး

ရန်ကုန် ဩဂုတ် ၂၆

အင်္ဂလန်ပရီမီးယားလိဂ် ပွဲစဉ်(၄)ကို ဩဂုတ် ၂၈ရက်၊ ၂၉ရက်နှင့် ၃၁ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၃)ယှဉ်ပြိုင်ကစားပြီးနှစ်ရက်အကြာတွင် ပွဲစဉ်(၄)ကိုဆက်လက်ကစားရခြင်းဖြစ်ရာ ဘောလုံးသမားများ ပွဲပန်းသည့်ဒဏ်ခံစားရဖွယ်ရှိသည်။ ပွဲဆက်များလာသည်နှင့်အမျှ အရန်အင်အားမကောင်းသော အသင်းများ အခက်အခဲကြုံတွေ့ရပြီး ရလဒ်များလည်း ဆိုးရွားနိုင်သည်ကို ထည့်တွက်ရမည်ဖြစ်သည်။ ယခုအပတ် ပွဲစဉ်များတွင် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့အောက်အသင်းများနှင့် ကစားရမည်ဖြစ်ရာ နိုင်ပွဲဆက်ပြီး အမှတ်ပြည့်ရကြဖွယ်ရှိသည်။

ဘလက်ဘန်းနှင့် မန်ယူ

အိုးထရက်ဖို့ကွင်း၌ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဒိုင်နမိုဘူခါရက်စ်အသင်းကို ဧည့်ခံကစားပြီး နှစ်ရက်အကြာတွင် ဘလက်ဘန်းနှင့်ကစားရခြင်းသည် မန်ချက်စတာယူနိုက်တက်အတွက် အသက်ရှူချောင်စေခဲ့သည်။ ဘလက်ဘန်းကွင်း အီးဝုဒ်ပတ်ဒ်၌ မန်ယူတို့ ဂိုးပြတ်မနိုင်ဖူးသော်လည်း ယခုပွဲစဉ်၌ အခက်အခဲသိပ်ရှိလှမည်မထင်ပေ။ ပရီမီးယားလိဂ်၌ နိုင်သင့်နိုင်ထိုက်သော အသင်းများကို အနိုင်ကစားကာ အမှတ်ပြည့်ယူနိုင်မှသာ ချန်ပီယံဆုဖလား မျှော်လင့်နိုင်မည်ဖြစ်ရာ နည်းပြကြီးဖာဂူဆန် ခပ်ပေါ့ပေါ့သဘောမထားဘဲ အကောင်းဆုံးလူစာရင်းဖြင့် ပွဲထုတ်လာမည်ဖြစ်သည်။

ယမန်နှစ် ဆုံတွေ့မှု၌ ဘလက်ဘန်းကွင်း၌ ဘလက်ဘန်းက မန်ယူကိုတစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူကာ မထင်မှတ်သည့် ရလဒ်ပေါ်ထွက်စေခဲ့သည်။ သို့သော် ယခုနှစ်ရာသီအစပိုင်းတွင် နည်းပြဆိုးနက်စ်၏ဘလက်ဘန်းသည် ရလဒ်မကောင်းဘဲဖြစ်နေသည်။ အတန်းတက် ဝက်စ်ဘရွန်းကို အိမ်ကွင်း၌ တစ်ဂိုးစီသရေကစားပြီး တစ်မှတ်ရထားသည်ကလွဲ၍ ပွဲစဉ်(၂)၌ ဆောက်သမ်တန်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးထားသည်။ မန်ယူတိုက်စစ်မှူး ဒီဂိုဖော်လန်သည် ပုံမှန်နေရာမရသဖြင့် ဗလာရီးယဲလ်သို့ ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းဖြင့် လစ်သွားပြီဖြစ်သည်။ အိုလံပစ်ပွဲပြန်

ပရီမီးယားလိဂ်ပွဲစဉ်(၃)တွင် ချယ်လ်ဆီးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသော ပွဲစဉ်တွင် ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

ရော်နယ်ဒို ပြန်လည်ကစားနေပြီဖြစ်ရာ မန်ယူတို့ ဂိုးမပြတ်သည့်တိုင် အနိုင်ရမည်ဖြစ်သည်။ ဘလက်ဘန်းနှင့် မန်ယူပွဲကို ဩဂုတ်၂၈ရက်နံနက်၆နာရီ၁၅မိနစ်၌ကြည့်ကြရမည်ဖြစ်သည်။

အက်စတွန်ဗီလာနှင့်နယူးကာဆယ်

ဩဂုတ် ၂၈ရက် မြန်မာစံတော်ချိန် ည၈နာရီခွဲ၌ ယှဉ်ပြိုင်ကစားမည့် အက်စတွန်ဗီလာနှင့် နယူးကာဆယ် ပွဲစဉ်သည် ယခုအပတ်၌ အကြိတ်အနယ် အရှိဆုံး ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ အက်စတွန်ဗီလာကွင်း ဗီလာပတ်၌ ကစားရခြင်းဖြစ်၍ အက်စတွန်ဗီလာတို့အလေးသာမှုရှိနေသည်ကတော့ အမှန်ပင်။ ပရီမီးယားလိဂ် ပွဲစဉ်များ၌ ယခင်ဆုံတွေ့ခဲ့မှု အစဉ်အလာအရ နယူးကာဆယ်ငှက်ကျားတို့ အနိုင်ရသည်ကများသော်လည်း လက်ရှိအနေအထားတွင် အက်စတွန်ဗီလာက အိမ်ကွင်းရလဒ်ကောင်းနေသည်။ ပွဲစဉ်(၁)၌ ဆောက်သမ်တန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး ပွဲစဉ်(၂)၌ဝက်စ်ဘရွန်းနှင့်တစ်ဂိုးစီ သရေကျကာ အမှတ်ပေးဇယား၌ စတုတ္ထနေရာ၌ရှိနေသော အက်စတွန်ဗီလာကို နယူးကာဆယ် အနိုင်ကစားပြနိုင်ပါမည်လား။

ယမန်နှစ်ဆုံတွေ့ခဲ့မှု၌ ဗီလာပတ်၌ ဂိုးမရှိသရေ၊ စိန့်ဂျိန်းပတ်၌ တစ်ဂိုးစီ သရေကျခဲ့ရာ ယခုပွဲလည်း သရေနှင့်အဆုံးသတ်ရန် ဖြစ်နိုင်ချေများသည်။ သို့သော် နှစ်ပွဲကစား တစ်မှတ်သာရထားသည့် နယူးကာဆယ်တို့၏ အနိုင်ကိုဆာလောင်မွတ်သိပ်နေမှုကအိမ်ရှင်တို့တားဆီးရခက်စေလိမ့်မည်ဖြစ်သည်။ နယူးကာဆယ်နောက်တန်း၌ ဝုဒ်ဂိတ်မရှိ၍ အားနည်းနေမှုကို ဗီလာတိုက်စစ်မှူးများဖြစ်သည့် အိန်ဂျယ်၊ ဗက်ဆဲလ်နှင့်ကာလ်တန်ကိုးလ်တို့ အခွင့်အရေး ယူနိုင်မည်လား။ နယူးကာဆယ်မှ အလန်ရှီးယားကို လွှတ်ထား၍မရသလို ဘာစီလိုနာမှ ပြောင်းလာသော ကလွိုက်ဗက်ကို ပွဲထုတ်ခဲ့လျှင် အစွမ်းပြလာနိုင်သည်။ အခြေအနေအရပ်ရပ်အရအိမ်ရှင်ဗီလာတို့ အနိုင်ရဖွယ်ရှိသည်ဟု တွက်ဆနိုင်သော်လည်း နယူးကာဆယ်၏ တိုက်စစ်အားကို ယုံစားကာ ငှက်ကျားတို့ နိုင်မည်ဘက်က ရပ်ကြည့်ချင်မိသည်။

တော့တင်ဟမ်နှင့်ဘာမင်ဂမ်

တော့တင်ဟမ်ဟော့စပါး၏ ဝှိုက်ဟက်လိန်းကွင်း၌ ဘာမင်ဂမ်ကို ဧည့်ခံကစားရမည်ဖြစ်ရာ နည်းပြ ဂျက်ဆန်တီနီ ပွဲအပြီး ပျော်ရွှင်နိုင်ဦးမည်ဟု ထင်မိသည်။ ယမန်နှစ်ဆုံတွေ့မှု၌ တော့တင်ဟမ်ကွင်း၌ တော့တင်ဟမ်က လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ဘာမင်ဂမ်ကွင်း၌ ဘာမင်ဂမ်က တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ တော့တင်ဟမ်ဟော့စပါး ဂျက်ဆန်တီနီလက်ထက်၌ တိုးတက်မှုများရရှိနေသည်။ လီဗာပူးကို သရေ၊ နယူးကာဆယ်ကို အနိုင်ကစားထားသော တော့တင်ဟမ်၏ခြေစွမ်းမှာ ထိပ်တန်းအဆင့်ကို ချိန်ရွယ်နေပြီဟု ဆိုနိုင်သည်။ တစ်ချိန်ကလို အိတ်ပေါက်နှင့် ဖားကောက်သည့်တော့တင်ဟမ်မဟုတ်တော့သည်က သေချာသည်။ ဒီဖိုးနှင့်ကနုတေးတို့၏ လျင်မြန်ဖျတ်လတ်သော တိုက်စစ်အားကို ဘာမင်ဂမ်နောက်တန်းမှ မဲလ်ချော့၊ ကူနင်ဂမ်၊ အပ်ဆန်တို့အတော်ပင်ထိန်းရခက်မည်ဖြစ်သည်။ ဘာမင်ဂမ်တိုက်စစ်မှူး လီဗာပူးမှ ပြောင်းလာသော ဟက်စကီး အသင်းနှင့် အံဝင်လာပြီး ဂိုးသွင်းစွမ်းရည်ပြနေရာ အိမ်ရှင်တို့ ဂိုးမပေးရဘဲနေမည်မဟုတ်ပေ။

တော့တင်ဟမ်ဟော့စပါးနှင့် ဘာမင်ဂမ်ပွဲကို ဩဂုတ် ၂၈ရက် မြန်မာစံတော်ချိန် ည၈နာရီခွဲတွင် ကြည့်ကြရမည်ဖြစ်သည်။ ပွဲစဉ်(၃)၌ ဘာမင်ဂမ်က မန်စီးတီးကို အိမ်ကွင်းတွင်တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိထားရာ အမှတ်ပေးဇယားအောက်ဆုံးမှ အပေါ်သို့ ခုန်တက်လာပြီဖြစ်သည်။ ဘာမင်ဂမ်တို့ အိမ်ကွင်းမှာသလောက် အဝေးကွင်းရလဒ်အကောင်းကြီးမဟုတ်ရာ ဝှိုက်ဟက်လိန်းမှ တစ်မှတ်ယူပြီး ပြန်နိုင်လျှင် တော်လှပြီဖြစ်သည်။ အနိုင်အရှုံး ပေါ်ခဲ့လျှင် နိုင်မည့်အသင်းမှာ တော့တင်ဟမ်ဟော့စပါးသာ ဖြစ်ပေလိမ့်မည်။

ချယ်လ်ဆီးနှင့် ဆောက်သမ်တန်

အပြာရောင်ချယ်လ်ဆီးတို့ ဘယ်အချိန်ခြေချော်လဲမလဲဟု စောင့်ကြည့်နေကြသူများ ယခုပွဲလည်း ဆန္ဒပြည့်ဝဦးမည်မဟုတ်ပေ။ စတန်းဖို့ဒ်ဘရစ်၌ နည်းပြမော်ရင်ဟို၏ ဂျိန်းစ်ဘွန်းမင်းသားဆန်ဆန် အိုက်တင်ပေးမှုကို မကြည့်ချင်လည်း အောင့်အည်း ကြည့်ကြရမည်ဖြစ်သည်။ နည်းပြ မော်ရင်ဟို၏ ဆောင့်ကြွားကြွားနိုင်သော အမူအရာမျက်နှာပေးကိုပရိသတ်အချို့ကကြည့်မရဖြစ်နေသော်လည်း ချယ်လ်ဆီးတို့ နိုင်ပွဲဆက်နေခြင်းကြောင့်အပြစ်ပြောရန် ခက်နေသည်။

ဩဂုတ်၂၈ ရက် မြန်မာစံတော်ချိန် ည၈နာရီခွဲ၌ ယှဉ်ပြိုင် ကစားမည့် ချယ်လ်ဆီးနှင့်ဆောက်သမ်တန်ပွဲတွင် ချယ်လ်ဆီးက အိမ်ရှင်ပရိသတ် အလိုကျ ဂိုးများများ သွင်းပြသည်ကို စိတ်မသက်မသာဖြင့် စောင့်ကြည့်ရုံသာရှိသည်။

ပရီမီးယားလိဂ်ပွဲစဉ်(၃) ယှဉ်ပြိုင်ကစားပြီးသည်အထိ ရှုံးပွဲမရှိ၊ ပေးဂိုးမရှိသော အသင်းဆို၍ ချယ်လ်ဆီး တစ်သင်းသာရှိသည်။ ချန်ပီယံအာဆင်နယ်ပင်လျှင် ပွဲစဉ်(၂) အထိ ရှုံးပွဲမရှိသေးသော်လည်း လေးဂိုး အသွင်းခံထားရသည်။ ချယ်လ်ဆီးက သုံးပွဲကစား သုံးပွဲနိုင်၊ လေးဂိုးသွင်းကာ ပေးဂိုးလုံးဝမရှိသေးပေ။ ချယ်လ်ဆီးနောက်တန်းအကောင်းစား၊ အပုံစားဖြစ်လာသည်ကို ငြင်းစရာမလိုဘဲဖြစ်နေသည်။ ဘော်လတန်ကို အိမ်ကွင်း၌ ဧည့်ခံကစားပြီး စတန်းဖို့ဘရစ်သို့ ချီတက်လာသော စိန့်တို့အနေဖြင့် ခြေကုန်လက်ပန်း ကျနေနိုင်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ ချယ်လ်ဆီးကွင်း၌ ချယ်လ်ဆီးက လေးဂိုး–ဂိုးမရှိ၊ ဆောက်သမ်တန်ကွင်း၌ ချယ်လ်ဆီးက တစ်ဂိုး–ဂိုးမရှိဖြင့် နှစ်ပွဲစလုံးအနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၃)၌ ချယ်လ်ဆီးက ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့ရာ ဂိုးသွင်းအားတစ်ပွဲထက်တစ်ပွဲ တက်လာသည်ကို ပြနေသည်။ ယမန်နှစ်ကကဲ့သို့ ဂိုးမရသည့်တိုင် ချယ်လ်ဆီးက ဆောက်သမ်တန်ကို အနိုင်ကစားပြမည်က သေချာသလောက်ပင်ဖြစ်သည်။

အဲဗာတန်နှင့်ဝက်စ်ဘရွန်း

ဩဂုတ် ၂၈ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ဂွတ်ဒီဆင်ပတ်ကွင်း၌ အဲဗာတန်နှင့် ဝက်စ်ဘရွန်းတို့ ကစားကြမည်ဖြစ်ရာ အတန်းတက် ဝက်စ်ဘရွန်း၏ အဝေးကွင်းခြေစွမ်းကို မှတ်ကျောက်တင်ရမည့် ပွဲဖြစ်သည်။

ပရီမီးယားလိဂ်ပွဲစဉ်(၃)တွင် ဘာမင်ဂမ်အသင်းက မန်ချက်စတာစီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သော ပွဲစဉ်တွင် ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။ (ဘာမင်ဂမ်အတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို လီဗာပူးမှ ပြောင်းလာသော ဟက်စကီးက သွင်းယူခဲ့ခြင်းဖြစ်သည်) (ဓာတ်ပုံ–အင်တာနက်)

အဲဗာတန် တိုက်စစ်မှူး ဝိန်းရူနီ အသင်းပြောင်းမည့်ကိစ္စကလည်း ဝိုးတိုးဝါးတားဖြစ်နေရာ နည်းပြဒေးဗစ်မိုရက်စ် စိတ်မသက်မသာ ဖြစ်နေနိုင်သည်။ ဘလက်ဘန်းနှင့် အက်စတွန်ဗီလာတို့ကို တစ်ဂိုးစီ သရေကစားထားသော ပရီမီးယားလိဂ် တစ်ကျော့ပြန် ဝက်စ်ဘရွန်းကို အဲဗာတန်တို့ ပြတ်ပြတ်သားသား အနိုင်ရပါ မည်လား။ အင်္ဂလန်နည်းပြ အဲရစ်ဆင်က ဝိန်းရူနီအင်္ဂလန်အသင်း၌ ပြန်လည် ပါဝင်ရေးမှာ အနည်းဆုံးတစ်ပွဲတော့ ကစားပြရန် လိုအပ်သည်ဟု ဆိုနေရာ ယခုပွဲတွင် အဲဗာတန်နှင့်အတူ ဝိန်းရူနီပါဝင်လာဖွယ်ရှိသည်။

ပွဲစဉ်(၂)၌ အတန်းတက် ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သလို အဲဗာတန်တို့ ယခုပွဲ ဂိုးပြတ်နိုင်ရန် မဖြစ်နိုင်ပေ။ အဲဗာတန်နိုင်လျှင် ပွတ်ကာသီကာပင်ဖြစ်ပြီး သရေဆိုလျှင်လည်း လက်ခံနိုင်စရာပင်ဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် ခရစ္စတယ်ပဲလေ့စ်

အောင်မြင်မှုအတွက် ငွေများများသုံးကာ ကစားသမားအသစ်များ ဖြည့်တင်းထားသော မစ်ဒယ်ဘရော့အသင်း ပွဲစဉ်(၂)အထိ နိုင်ပွဲမရသေးပေ။ အာဆင်နယ်ကို သုံးဂိုးဆက်တိုက်သွင်းပြခဲ့၍ ပရိသတ်များ တရှိုက်မက်မက်ဖြစ်ခဲ့ရသော်လည်း အနိုင်ကို ကြာကြာမထိန်းနိုင်ခြင်းက နောက်တန်းနှင့် ဂိုးသမားတို့ ပြဿနာရှိနေသည်။ ပွဲစဉ်(၃)၌ အဝေးကွင်းသွား၍ ဖူဟမ်ကိုရင်ဆိုင်ခဲ့ရခြင်းကြောင့် ပွဲပန်းနေမည် ဖြစ်သော်လည်း ဘိုရီကွင်း၌ အတန်းတက် ခရစ္စတယ်ပဲလေ့စ်နှင့် ကစားရခြင်းမှာ စိတ်သက်သာမှု ရမည်ဖြစ်သည်။

အတန်းတက် သုံးသင်းထဲတွင် အားအနည်းဆုံးဖြစ်ပြီး အမှတ်ပေးဇယားအောက်ဆုံး၌ ကျောက်ချနေဖွယ်ရှိသည့် ခရစ္စတယ်ပဲလေ့စ်တို့ ယခုပွဲလည်း အရှုံးကိုမျှော်လင့်ထားရမည်ဖြစ်သည်။ ပွဲစဉ်(၁)၌ အတန်းတက်ချင်းဆုံသည့်ပွဲတွင် နော့ဝစ်ချ်ကို သရေကစားနိုင်ခဲ့သည်မှလွဲ၍ အဲဗာတန်ကို သုံးဂိုး–တစ်ဂိုး၊ ချယ်လ်ဆီးကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့ခြင်းက ပရီမီးယားလိဂ်၌ အဆင့်မီမီ ရပ်တည်နိုင်လောက်သည့် အင်အားမျိုးမရှိသေးပေ။

မန်စီးတီးနှင့်ချာလ်တန်

ပွဲစဉ်(၃)၌ ဘာမင်ဂမ်ကို တစ်ဂိုးဖြင့် ကပ်ရှုံးခဲ့သော ကီဗင်ကီးဂန်း၏ မန်စီးတီး ယခုပုံအတိုင်းသွားလျှင် အပေါ်နားသို့ တက်လာနိုင်ဦးမည်မဟုတ်ပေ။ အိမ်ကွင်း၌ ချာလ်တန်ကို အနိုင်ကစားပြမည်ဟုကြုံဝါးကောင်းကြုံးဝါးနေမည်ဖြစ်သော်လည်း ချာလ်တန်တို့က လည်စင်းခံမှာမဟုတ်တာကသေချာနေသည်။ အိမ်ကွင်းဆိုလျှင်ပရိသတ်အားပေးမှုနှင့်အတူ မြို့ခံပြိုင်ဘက်မန်ယူကိုပင် ဒုက္ခကောင်းကောင်းပေးနိုင်ခဲ့သော အစဉ်အလာကို မန်စီးတီးတို့ဆက်ထိန်းနိုင်မှသာ သုံးမှတ်ရနိုင်ပေမည်။

ယမန်နှစ်ဆုံတွေ့ခဲ့မှု၌ မန်စီးတီးကွင်း၌ တစ်ဂိုးစီသရေကျပြီး ချာလ်တန်ကွင်း၌ မန်စီးတီးက သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ ပွဲစဉ် (၃) အထိ မန်စီးတီးတို့ အိမ်ကွင်းအရှုံးမရှိသေးပေ။ ချာလ်တန်ကလည်း ဘော်လတန်ကို လေးဂိုး–တစ်ဂိုးဖြင့်ရှုံးပြီးနောက်ပိုင်း နာလန်ပြန်ထလာသည်။ မန်စီးတီးနှင့် ချာတန်ပွဲကို ဩဂုတ် ၂၈ရက် မြန်မာစံတော်ချိန် ည၈နာရီခွဲ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မိန်းရှဲ၌ ပရိသတ်တို့ ပျော်ခွင့်ရနိုင်ပေသည်။

နော့ဝစ်ချ်နှင့်အာဆင်နယ်

ဩဂုတ်၂၈ရက် မြန်မာစံတော်ချိန် ည၁၀နာရီ၄၅ မိနစ်၌ နော့ဝစ်ချ်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသဖွယ်ရှိသည်။ လက်ရှိချန်ပီယံ အာဆင်နယ်၏ ချန်ပီယံ စိတ်ဓာတ်နှင့် ချန်ပီယံခြေစွမ်းကို မစ်ဒယ်ဘရောနှင့်ပွဲတွင် သက်သေပြခဲ့ပြီးဖြစ်ရာ အထူးတလည်ရှင်ခုန်နေစရာ လိုမည်မဟုတ်ပေ။ မန်ယူက နော့ဝစ်ချ်ကိုနှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ခဲ့သည်လောက်တော့ အာဆင်နယ်တို့က ပျင်းတောင်ပျင်းသေးတယ်ဟု ဆိုလျှင် လက်ခံရမည်ဖြစ်သည်။ အတန်းတက်ခရစ္စတယ်ပဲလေ့စ်ကိုပင် အိမ်ကွင်း၌ နော့ဝစ်ချ်တို့ တစ်ဂိုးစီသရေကျပြီး တစ်မှတ်ဖဲ့ပေးခဲ့ရသည်ဖြစ်ရာ အာဆင်နယ်ထံမှ တစ်မှတ်ရယူဖို့ကို စိတ်ကူးကြည့်၍ မဖြစ်နိုင်ပေ။

အာဆင်နယ်တွင် ဗီယာရာနှင့် ဆိုးကမ်းဘဲလ်တို့ မပါဝင်သေးသည့်တိုင် ရလဒ်ကောင်းများရှိနေရာ ယခုပွဲမှ အမှတ်ပြည့်ယူမည်ဖြစ်သလို ဂိုးများများရဦးမည် ဖြစ်သည်။

ဘော်လတန်နှင့်လီဗာပူး

အန်ဖီးလ်၌ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဩစတြီးယား ကလပ်ဂရော့ဇ် AK ကို တစ်ဂိုးဂိုးမရှိဖြင့်ရှုံးပြီး ရက်ပိုင်းအတွင်း ဘော်လတန်တို့ရှိရာ ရီဘော့ခ်စတေတီယမ်သို့ ချီတက်ရသည့်ခရီးမှာ ဖြောင့်ဖြူးလှသည်တော့မဟုတ်ပေ။ စပိန်လူမျိုးနည်းပြဘင်နီတက်ဇ်သည် လီဗာပူးကို စပိန်ကစားသမားများခေါ်ယူကာ ဗလင်စီယာ၏အောင်မြင်မှုမျိုးကို အိပ်မက်မက်နေဟန်တူသည်။ မိုက်ကယ်အိုဝင်ကို ရောင်းချသဖြင့် ငွေရွှင်နေရာ ရီးရဲဆိုစီဒက်မှ အလွန်ဆိုနှင့် ဘာစီလိုနာမှ လူးဝစ္စဂါစီယာတို့ကိုထပ်မံခေါ်ယူအားဖြည့်ခဲ့သည်။ ယခုဆိုလျှင် လီဗာပူး၌ စပိန်အားကစားသမားများဖြစ်ကြသော ဂျိုဆေးမိ၊ အလွန်ဆို၊ဂါစီယာနှင့် နူနက်တို့ ငါးဦးပါဝင်နေပြီဖြစ်ရာ အချို့က ဘင်နီတက်ဇ်သည် အန်ဖီးလ်အား စပိန်ဆန်ဆန့်ကျင်ရေးလုပ်နေပြီဟုပင် ဆိုနေကြသည်။

ယမန်နှစ်ဆုံတွေ့ခဲ့မှု၌ ဘော်လတန်ကွင်း၌ နှစ်ဂိုးစီသရေကျခဲ့ပြီး အန်ဖီးလ်၌ လီဗာပူးက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးက ချန်ပီယံလိဂ်ပွဲရှိ၍ ပွဲစဉ်(၃)၌ ပို့စ်မောက်နှင့်ပွဲကို ရက်ရွှေ့ခဲ့ရာ ယခုပွဲမှပြန်ကစားရခြင်းဖြစ်သည်။ ဘော်လတန်က ပွဲစဉ်(၁)၌ ချာလ်တန်ကို လေးဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး တာထွက်ကောင်းခဲ့သော်လည်း ဖူဟမ်ကို နှစ်ဂိုးပြတ်ရှုံးခဲ့သည်။ ဘော်လတန် နောက်တန်းမှ ဟီယာရိအရွယ်ထောက်လာပြီဖြစ်သလို ရှေ့တန်းမှ အိုကိုချာနှင့် ကီဗင်ဒေးဗီးစ်တို့ ခြေမမှန်ဘဲဖြစ်နေသည်။ နည်းပြဘင်နီတက်ဇ်၏ စပိန်ပလေယာများ အစွမ်းပြမပြကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဘော်လတန်နှင့် လီဗာပူးပွဲကို ဩဂုတ်၂၉ရက် ည၉နာရီခွဲတွင် ကစားမည်ဖြစ်ရာ မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသဖွယ်ရှိပေသည်။

ပို့စ်မောက်နှင့် ဖူဟမ်

ပွဲစဉ်(၃)မှ လီဗာပူးနှင့် ပို့စ်မောက်ပွဲကို ရက်ရွှေ့ထားခဲ့၍ ပို့စ်မောက်တို့ ကောင်းကောင်းအနားရနေသည်။ ဖူဟမ်က မစ်ဒယ်ဘရော့ကို အိမ်ကွင်း၌ ဧည့်ခံကစားပြီး ပွဲပန်းနေရာ နှစ်ရက်သာခြားပြီး ပို့စ်မောက်ကို ရင်ဆိုင်ရခြင်းမှာ အခက်အခဲကို ဝယ်ယူသလို ဖြစ်နေသည်။ ယမန်နှစ်ဆုံတွေ့ခဲ့မှု၌ ပို့စ်မောက်ကွင်း၌ တစ်ဂိုးစီသရေကျခဲ့ပြီး ဖူဟမ်ကွင်း၌ ဖူဟမ်ကနှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပို့စ်မောက်က ဘာမင်ဂမ်ကို တစ်ဂိုးစီ သရေကျပြီး ချယ်လ်တန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးထား၍ တစ်မှတ်သာရရှိထားသည်။ ဖူဟမ်တို့က ရာသီအစပိုင်း၌ အဝေးကွင်းရော အိမ်ကွင်းပါ ရှုံးပွဲမရှိသေးဘဲတစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်ရထားသည်။

ပို့စ်မောက်အသင်းက နယူးကာဆယ်မှ လွှာလွှာ၊ အန်ဒီဂရစ်ဖင်တို့ကို ခေါ်ယူခဲ့ရာ အထိုင်မကျလှသေးပေ။ ယာကူဘူနှင့်လွှာလွှာတို့ အိမ်ကွင်း၌ ခြေစွမ်းပြခဲ့လျှင် ဖူဟမ်တို့ လက်ချည်းဗလာပြန်သွားရမည်ဖြစ်သော်လည်း ဖူဟမ်ဂိုးသမား ဗန်ဒါဆားလက်စွမ်းပြနေပြီး ဘလက်ဘန်းမှ ပြောင်းလာသော အင်ဒီကိုးလ်နှင့် ရာစင်စကီးတို့၏ ထိုးဖောက်ချက်ကို လျှော့တွက်ထား၍ မဖြစ်နိုင်ပေ။ လူဝစ္စဆာဟာကို ပြန်လည် မတမ်းတတော့ပါဟု ဆိုလျှင် ဖူဟမ်တို့၏ အသင်းလိုက် ကစားကွက်ကောင်းမွန်မှုနှင့် မာကြောမှုက အနိုင်ဆိုသည့် အဖြေကို ရှာတွေ့သွားနိုင်သည်။ ပွဲစဉ်(၄)၌ သရေပွဲများရရှိ လာဦးမည်ဆိုလျှင် ပို့စ်မောက်နှင့် ဖူဟမ်ပွဲကိုလည်း သရေကျမည့် စာရင်းထဲထည့်ထားသင့်သည်ကိုတော့ မမေ့သင့်ပေ။ ပို့စ်မောက်နှင့် ဖူဟမ်ပွဲကို ဩဂုတ်၃၁ရက်(အင်္ဂါနေ့)မြန်မာစံတော်ချိန် နံနက် ၁နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အိပ်ရေးပျက်ခံ၍ ကြည့်ကြရမည့်ပွဲစဉ်ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲအခမ်းအနား ဓနုဖြူမြို့နယ်တွင်ကျင်းပ

ဓနုဖြူ ဩဂုတ် ၂၄

ဓနုဖြူမြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၅၄ ဦးအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ရက်က ဓနုဖြူမြို့ အထက တေဇခန်းမ၌ ကျင်းပသည်။ ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး ဆရာမဒေါ်သီတာအောင်က ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ယာပုံ)** **(၀၈၅)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကြီးကြပ်ဆောင်ရွက်

ဟသ်ာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးအောင်ကျော်မိုး ဇူလိုင် ၁၇ ရက်က ဟသ်ာတမြို့နယ် ပန်းခြံကွန်ကရစ်ခုံးပေါက်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းတို့ ဖြူးမြို့အမှတ် (၃၃)လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဩဂုတ် ၅ရက်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းသားသမီးများ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်

မကွေး ဩဂုတ် ၂၅

မကွေးတိုင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ ရန်ပုံငွေမှ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က မကွေးမြို့ ကမ်းနားလမ်း ဆက်သွယ်ရေးဧည့်ရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းလက်ထောက်အထွေထွေ မန်နေဂျာဦးသွင်လင်းက ပညာသင်ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂျပန်နိုင်ငံကြက်ခြေနီအသင်းချုပ်က ကြီးမှူးကျင်းပသည့် ကြက်ခြေနီမောင်မယ်များ တွေ့ဆုံပွဲ၊ ဂျပန်နိုင်ငံသို့ တက်ရောက်ရန်ရွေးချယ်ခံရသော ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ထူးချွန်ကြက်ခြေနီ (ပထမ)ဆုရ မခိုင်ဝေဝေသွင်အား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသိန်းက ဂုဏ်ပြုဆုချီးမြှင့်သည်။**(ဝဲပုံ)**

ထို့နောက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများအတွက် ဂုဏ်ပြုဆုနှင့်ပညာသင်ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(၃၈၃)**

[illegible]

[illegible]

[illegible]

[illegible] [illegible] [illegible]

[illegible]	[illegible]	[illegible]	[illegible]
၁။	Lot No. 1,2,3,4,5,6	[illegible]	[illegible]
၂။	Lot No. 7,8,9,10,11,12	[illegible]	[illegible]
၃။	Lot No. 13	[illegible]	[illegible]
၄။	Lot No. 14	[illegible]	[illegible]
၅။	Lot No. 15	[illegible]	[illegible]
၆။	Lot No. 16	[illegible]	[illegible]
၇။	Lot No. 17,18	[illegible]	[illegible]
၈။	Lot No. 19	[illegible]	[illegible]
၉။	Lot No. 20	[illegible]	[illegible]
၁၀။	Lot No. 21	[illegible]	[illegible]
၁၁။	Lot No. 22,23,24,25,26	[illegible]	[illegible]
၁၂။	Lot No. 27,28	[illegible]	[illegible]
၁၃။	Lot No. 29	[illegible]	[illegible]
၁၄။	Lot No. 30	[illegible]	[illegible]

[illegible]

[illegible]

B.I.Q (Best Image Quality)

Printer Specialist/Refill & Computer Service Centre

[illegible]

ဦးခင်မောင်ကျော်
ပဲခူးမြို့
အသက်(၄၇)နှစ်

ပဲခူးမြို့ ဈေးပိုင်း၊ လမ်း(၂၀)၊ အမှတ်(၈၆)နေ (ဆရာဦးချစ်လှိုင်)-ဒေါ်ရင်ကြည်တို့၏သားကြီး၊ ကိုထွန်းလင်းနိုင်-မလှလှဝေ၊ ကိုဌေးကျော်-မစန်းမြင့်မူတို့၏အစ်ကို၊ မမြတ်စုကျော်၊ မဝေနှင်းကျော်၊ မမေမြတ်ကျော်၊ မောင်အောင်ပြည့်ဖြိုး အ-ထ-က(၃) ပဲခူး၊ မောင်ကောင်းမြတ်ဟိန်း အ-ထ-က(၃) ပဲခူး တို့၏ဖခင်၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်းသည် ၂၃-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်း
အသက် (၅၈)နှစ်

မအူပင်မြို့ လက်ပံကုန်းရွာနေ (ဦးသောင်း-ဒေါ်သန့်)တို့၏သမီးကြီး၊ အမှတ် ၆၄(A)၊ ၁၉လမ်းနေ ဦးစိန်တိုး၏ဇနီး၊ ဦးသန်းထွန်း-ဒေါ်ထူး၊ (ဦးအေးမြိုင်)-ဒေါ်လှမြိုင်၊ ဦးတီခွန်မြတ်- ဒေါ်ရင်မေ၊ (ဦးခင်မောင်ကျော်)-ဒေါ်နီနီခင်ဝင်း၊ ဦးခင်မောင်အေး-ဒေါ်ခင်မြင့်ကြွယ်တို့၏ အစ်မကြီး၊ ကိုအောင်တိုး-မစုစုကြည်တို့၏ မိခင်၊ မောင်အောင်မင်းသူ၊ မမြတ်ဆုတိုး တို့၏ အဘွားသည် ၂၅-၈-၂၀၀၄ရက် နံနက် ၅း၄၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(၁၉လမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု။

အများသိစေရန်ကြေညာချက်

ဦးရင်ထွေး(ခ)ဦးမောင်ချို (အဖ) ဦးဟင်ထွေး၊ ၁၄/ဇလန(နိုင်)၀၉၈၄၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အိမ်အမှတ်၁၉ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၈၅/ကံဘဲ့၊ မြေကွက်အမှတ်-၅/ဘီ/၂ ဧရိယာ ၀ ဒသမ ၄၆၀ ဧက၊ မြေပိုင်ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်မြေဥပစာအဆောက်အအုံတို့သည် ကွယ်လွန်သူများဖြစ်ကြသော ဦးဟင်ထွေးနှင့် ဒေါ်တင်တင်တို့ပိုင်ဆိုင်ခဲ့ကြပါသည်။ ထိုသို့ပိုင်ဆိုင်သည့် အိမ်မြေဥပစာအတွင်းမှ တစ်စိတ်တစ်ပိုင်းကို လွှဲပြောင်းရောင်းချပြီးဖြစ်ပါသည်။ (ဦးကြင်စောမြေပုံကူး လျှောက်ထားသည့် မြေအတိုင်းအတာမပါ) ကျန်ရှိနေသော အိမ်မြေဥပစာတို့မှာ ဦးဟင်ထွေးနှင့်ဒေါ်တင်တင်တို့မှ မွေးဖွားသော သားရင်း၊ သမီးရင်း ၁၁ ဦးတို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။ ထိုသို့ပိုင်ဆိုင်သည့် အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို မောင်နှမ၁၁ဦးလုံး၏ သဘောတူညီမှုမပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်းမှစ၍ အခြားနည်း မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်ပိုင်ခွင့်မရှိပါ။ ထိုကဲ့သို့ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာလျှင် ဖြစ်ပြီး၊ တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့်(ဘိုကလေး)
LL.B.,D.B.L.,D.A.,Psy.
တရားရုံးချုပ်ရှေ့နေ(၃၀၂၅)။

ဦးသိန်းညွန့်
B.A,H.G.P.,R.L.D.B.L.,D.M.L.
တရားရုံးချုပ်ရှေ့နေ။

(M.F.T.B ဘဏ်ရှေ့၊မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၀၀၈၀)။

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟမ္မဒ်မွတ်(စ်)တွဖ္ဖာ(ခ)ကိုကျော်မြင့်ဦး
B.Sc(Maths) Q 2nd Officer(F.G)
အသက်(၃၈)နှစ်

မွန်ပြည်နယ် ဘီးလင်းမြို့နယ်နေ(ဦးဆူလေမန်)-ဒေါ်အိုင်ရှာ၊ ရန်ကုန်မြို့ အမှတ် ၄၂၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘီအောင်ကျော်-ဒေါ်မမကြီး)တို့၏မြေး၊ ဟာဂျီဦးခင်မောင်မြင့် (ကျောင်းအုပ်ကြီး-ငြိမ်း)-ဟာဂျီမဒေါ်ခင်မြင့်မြင့်(ကုန်သွယ်ရေး-၅ငြိမ်း)တို့၏သားဦး၊ အမှတ် ၇၁၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးကိုလေး-အမြတ်ခွန်လက်ထောက်မင်းကြီး-ငြိမ်း)-(ဒေါ်ခင်သန်း)တို့၏သားသမက်၊ (ကိုကျော်မြင့်ထူး)၊ ကိုကျော်မြင့်ဇော်တို့၏ အစ်ကိုကြီး၊ ဦးကိုကိုတင်(သစ်တော-ငြိမ်း)-ဒေါ်သန်းသန်းထွေး၊ ဦးကိုကိုလေး(လဝက ဦးစီးမှူး-ငြိမ်း)-ဒေါ်ရင်ခိုင်၊ ဦးမောင်မောင်ညွန့်-ဒေါ်တင်တင်ရီ၊ ဦးခင်ဇော်(ဒုသ/မဦးစီးမှူး မွန်ပြည်နယ်)-ဒေါ်ရီရီတင်၊ ဦးအောင်သိန်းထွန်း (ဒု-ရဲမှူး)-ဒေါ်စုစုမြတ်ထွေး၊ ဦးဆန်နီကျော်တို့၏တူ၊ ဒေါ်ခင်မေသက်၏ခင်ပွန်း၊ မောင်ထက်တေဇာဦး(K.G.Dအထက(၁)ဒဂုံ)၊ မဝင့်ရူပါဦးတို့၏ ဖခင်သည် ၂၄-၈-၂၀၀၄ ရက် အင်္ဂါနေ့ နံနက်၀၀း၃၂ နာရီတွင် အလ္လာဟ် ရှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြုပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝန်ထမ်းအလိုရှိသည်

၁။ ဝု-မန်နေဂျာ (ငွေစာရင်းဌာန) ကျား (၁) ဦး
- အသက် (၃၅) နှစ်အောက်
- B.Com, C.P.A ဘွဲ့ ရရှိထားသူဖြစ်ရမည်။
- စာရင်းစစ်အတွေ့အကြုံ အနည်းဆုံး (၁၀) နှစ်ရှိရမည်။
- Microsoft Application နှင့် Microsoft Excel အသုံးပြုနိုင်သူ ဖြစ်ရမည်။

၂။ ပ-စာရင်းစစ် / ဝု-စာရင်းစစ် ကျား (၆) ဦး
- B.Com ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အသက် (၄၀) နှစ်အောက်
- စာရင်းစစ်အတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။
- Microsoft Excel ကျွမ်းကျင်သူ ဖြစ်ရမည်။

၃။ ထ-စာရင်းစစ် ကျား (၂) ဦး
- အသက် (၃၀) နှစ်အောက်
- B.Com (ဘွဲ့) ...
- စာရင်းစစ်အတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။
- Microsoft Excel ကျွမ်းကျင်သူ ဖြစ်ရမည်။

၄။ ဈေးကွက် နှင့် အရောင်းမန်နေဂျာ ကျား (၂) ဦး
- အသက် (၃၅) နှစ်အောက်

၅။ Marketing Executive ကျား (၂) ဦး
- အသက် (၃၅) နှစ်အောက်
- Research, Merchandising, Promotion, Event & Sponsorship ...

၆။ Sales Supervisor ကျား (၂) ဦး
- အသက် (၃၅) နှစ်အောက်
- ... Supervisory Level ...

၇။ ... ကျား (၁) ဦး

... (1st Grade) ကျား (၁) ဦး

၉။ Asst. Section Incharge (Production) ကျား (၂) ဦး
- A.G.T.I (Mechanical Power)

၁၀။ Helper (Production) ကျား (၃) ဦး
- T.H.S (Welding / Electrical)

Peace Myanmar Group Co., Ltd.

OD Tour ...
Sep 2,9,24,29
... 548008, 537672

လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မော်တော်ယာဉ်ဟောင်းနှစ်စီးအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်ဈေးနှုန်းတင်သွင်းသည့်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၁၅၀၀ိ/နှုန်းဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ၃၀–၈–၂၀၀၄ ရက်မှ ၈–၉–၂၀၀၄ ရက် မွန်းတည့် ၁၂:၀၀ နာရီအထိ၊ ရုံးပိတ်ရက်အပါအဝင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာအား ၉–၉–၂၀၀၄ ရက် နံနက်၁၀:၀၀နာရီနောက်ဆုံးထား၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗဟိုပစ္စည်းထိန်းဌာနတွင် တင်သွင်းရမည်ဖြစ်ပြီး ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်ခြင်းကို ၉–၉–၂၀၀၄ ရက် နံနက် ၁၁:၀၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသည်။

၄။ တယ်လီဖုန်းအမှတ် ၂၉၂၃၃၄၊ ၂၉၂၂၉၂ နှင့် ၂၉၂၃၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့။

အမြန်ပြန်လာပါ

ကို (ဦးအေးကို) ဘားအံမှ အမြန်ဆုံးပြန်လာပါ၊ စိတ်ပူနေသည်။ သမီးကျန်းမာရေး စိုးရိမ်ရ။

သီသီ။

အမည်ဖြည့်စွက်ခြင်း

ဦးကောင်းငွေ၏သမီး အထက (၂) ဗဟန်းGrade-9(B) မှ မထက်ထက်သော်အား မထက်ထက်သော်(ခ) မခိုင်သဇင်သော်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မထက်ထက်သော်(ခ) မခိုင်သဇင်သော်။**

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် မြနန္ဒာလမ်း ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ ၂၈ နှင့် ၂၉ လမ်းကြားနေ ဒေါ်သန်းသန်းစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့ အောက်မင်္ဂလာဒုံလမ်းမကြီး ကွင်းအမှတ် ၄၀၀ အေ၊ ဦးပိုင်အမှတ် (၁၁၉/၃)မှာ ဦးထွန်းကြိုင်အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ကွင်းအမှတ် ၄၀၀ အေ၊ ဦးပိုင်အမှတ် ၁၂၀ မှာ ဒေါ်လှခင်အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

ဖခင်ဖြစ်သူ ဦးထွန်းကြိုင်နှင့်အဘွားဖြစ်သူ ဒေါ်လှခင်တို့ကွယ်လွန်ပြီးနောက် အဆိုပါ မြေကွက်များနှင့်မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ညီမအရင်းများဖြစ်သော ဒေါ်မြမြသန်း၊ ဒေါ်ထွားထွားကြိုင်၊ ဒေါ်ခင်မြကြိုင်၊ ဒေါ်သန်းသန်းစိန်တို့ အမွေရ ပိုင်ဆိုင်လာပါသည်။

အဆိုပါမြေကွက်များနှင့်မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သန်းသန်းစိန်၏ခွင့်ပြုချက်မရဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်း လွှဲပြောင်းခြင်းများ မပြုလုပ်ရန်အတွက် ကန့်ကွက်တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်မြင့်	ဦးမျိုးမြင့်	ဦးချစ်ညီညီ
(LL.B)	(LL.B)	(LL.B)

အမှတ်(၂၂၁)၊ ၆၃–လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း၊ ၀၂၊၃၃၉၉၀၊ ၀၉–၆၉–၇၁၈၉၉၊ ၀၉–၂၀၀၀–၂၆၁။

ဦးအောင်မြင့်(LL.B)
တရားရုံးချုပ်ရှေ့နေ
ဖုန်း–၀၂–၃၃၉၉၀
၀၉–၆၉–၇၁၈၉၉
၀၉–၂၀၀၀–၂၆၁။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
လှည်းကူးမြို့ ရွာမရပ်
ဖောင်းလင်းသာသနာပြု
အဖွဲ့အကျိုးဆောင်နာယကဆရာကြီး

ဦးထွန်းရည်
အသက်(၇၂)နှစ်

လှည်းကူးမြို့နေ ဦးဖိုးပြောင်း–ဒေါ်စိုးသင်တို့၏သား၊ ဆရာကြီး ဦးထွန်းကြည်–ဒေါ်တင်ဥ၊ ဦးမြအောင်–ဒေါ်ခင်ကြည်တို့၏ညီ၊ လှည်းကူးမြို့၊ ရွာမရပ်၊ အမှတ် မမ/၃၄၁ နေ ဒေါ်ခင်စန်း၏ ခင်ပွန်း၊ ကိုစိုးနောင် (မထသ)–မန္တန္တရီ (မြို့နယ်ဥပဒေရုံး၊လှည်းကူး)၊ ကိုကိုဇော်–မစိုးစိုးရှီ၊ ကိုသိန်းလင်းထွန်း (ရိုက်သိမ်းချိန်လွှန်–လှည်းကူး)–မဝင်းခိုင်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည်၂၄–၈–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် တပည့် အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးချက်
စက်မောင်း (၃)
မိတ္ထီလာမြို့
အသက် (၇၂)နှစ်

မိတ္ထီလာမြို့ နှင်းဆီလမ်းထိပ်ဝန်ဇင်း နယ်မြေ (၃)နေ ဒေါ်သီ၏ ခင်ပွန်း ဦးချက် ရာသက်ပန်အသင်းဝင်အမှတ် (၂၈၇) သည် ၂၃–၈–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၄–၈–၂၀၀၄ ရက်တွင် မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးဘခင်
လုပ်သား
ပုသိမ်ကြီးမြို့
အသက် (၈၂)နှစ်

ပုသိမ်ကြီးမြို့ အင်ကျယ်ကျေးရွာနေ ဦးဘခင် ရာသက်ပန်အသင်းဝင်အမှတ် (၁၀၇၆)သည် ၂၀–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၈–၂၀၀၄ရက်တွင် အင်ကျယ်ကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးထွန်းမြင့်
... အသက်(၆၇)နှစ်

သုံးယူမည်ဆောင်/မယ်များအတွက် အထူးအစီအစဉ်

EXCELLENT PHOTO STUDIO

EX (I) ... ☎-01-514792
EX (II) ဗြည်လမ်း၊ မြေနီကုန်းဈေး ☎-01-504317
EX (IV) ဗြည်လမ်း၊ ... ☎-01-514792

လှကေသွယ်

B.V.Sc(Final Part-I), B.Sc(Chem.)

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊
ပိဋကတ်သုံးပုံ ဒါယိကာမကြီး

ဒေါ်ကြည် (ပဲခူး)
အသက်(၇၆)နှစ်

ပဲခူးမြို့နေ (ဦးသူတော်–ဒေါ်စိမ်းမြ)တို့၏သမီး၊ အမှတ် ၁၅၊ အနောက်ဗဟိုလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးကြင်ထွန်း–(ဒေါ်သန်းမြ)၊ (ဒေါ်နီ)တို့၏ ညီမ၊ ဦးတင်ဝင်း–ဒေါ်နီနီဝင်း(အမက–၇၊ ဗဟန်း)၊ ဒေါ်ကြည်ကြည်ဝင်း (အထက–၁၊ ဗဟန်း)၊ ဦးကိုကို(သု/ဖွံ့ တိုင်းရင်းဆေး)–ဒေါ်သန်းသန်းရီ (အေးရိပ်သာဆေးခန်း)၊ ဗိုလ်မှူးသန်းထွန်း (ကကထုတ်)–ဒေါ်ဆွေမာတင် (Marubeni Corporation)တို့၏ အဒေါ်သည် ၂၄–၈–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

TV - ...
Ph : 532885

အမည်ပြောင်း

ဦးကောင်းငွေ၏သား အမက (၁) ဗဟန်း Grade-5 (B)မှမောင်ဇင်ကိုထက်အား မောင်ထွန်းထွန်းလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထွန်းထွန်းလွင်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

အလုံမြို့နယ် သိပ္ပံလမ်းနေထိုင်သူ ဦးငွေသိန်းမှ ဇနီးဖြစ်သူဒေါ်ဟင်ဟင်မူ ၆/ကသန(နိုင်)၀၁၅၈၅၆ သည် ခင်ပွန်းသည်၏ ဆိုဆုံးမခြင်းကို နာမခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။

ဦးငွေသိန်း
၆/ကသန(နိုင်)၀၁၅၈၅၇။

ဦးထွန်းလင်း
B.A, M.A, M,Res. Ph.D
Thesis
နည်းပြ၊ မြန်မာစာဌာန၊
ရန်ကုန်တက္ကသိုလ်
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် ၈ လမ်း၊ အမှတ် ၆၈ နေ ဦးကျော်ဇော–ဒေါ်ကျုံယဉ်ဖြူတို့၏သား၊ပုသိမ်မြို့၊မြို့ပတ်လမ်း၊အမှတ် ၆၆ နေ ဦးအောင်ဆင့်–ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဦးကျော်လင်း–ဒေါ်သန်းခင်တို့၏ညီ၊ ကိုနေမျိုး၏အစ်ကို၊ မလင်းလင်းသန်း(အလက–၆၊ လှိုင်)၏ဦးလေး၊ ဒေါ်ခင်မြင့်ရီ(နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန် တက္ကသိုလ်)၏ ခင်ပွန်း၊ မမေမိုးဟန်၊ မောင်ပြည့်ဖြိုးဟန်တို့၏ ဖခင် ဦးထွန်းလင်းသည် ၂၁–၈–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၀၄ ရက် (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။**ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
ဒေါ်အေးသွယ်
အသက် (၈၇)နှစ်

ဦးတင်ဦး (လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)၏ ချစ်လှစွာသော မိခင်ကြီး ကွယ်လွန်ခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။ **ကိုဖြူ၊ ကိုကျော်စိုးလင်း၊ ကိုတင်ထွန်း။**

ဝမ်းနည်းကြေကွဲခြင်း
ကိုငြိမ်းချမ်း B.A, Myanmar
လက်ဆွဲတန်ဆာဌာန(ကုန်ပို့ကုန်သွင်းကိုယ်စားလှယ်) ရန်ကုန်ဘူတာကြီး

၂၃–၈–၂၀၀၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ဆွဲတန်ဆာဌာန ကုန်ပို့ကုန်သွင်းကိုယ်စားလှယ်များ၊ ရန်ကုန်ဘူတာကြီး။

ဘုရား၊ ရဟန်း၊
ကျောင်းဒါယကာကြီး
ဦးစိုးအေးနွယ်(ခ)လွန်းနိုင်အောင်
(အုပ်ချုပ်ရေးမှူး၊ နွယ်နီမဂ္ဂဇင်း)
အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ ၃လမ်း၊ အမှတ် ၄၈၃ နေ စာရေးဆရာ ဦးနတ်နွယ်–ဒေါ်တင်တင်အေး (နွယ်နီမဂ္ဂဇင်း)၏ သားကြီး၊ ဦးကောင်းညွန့်နွယ်၊ (ဒေါက်တာ ကျော်သက်နိုင်–ဒေါ်မြင့်ကေသီနွယ်)၊ ဦးမင်းထွန်းနွယ်–ဒေါ်မြမြကြွယ်၊ ဦးငွေဇော်နွယ်–ဒေါ်တင်တင်မိုး၊ (ဦးပုန်ကန်နွယ်–ဒေါ်တင်တင်အောင်)၊ ဦးခင်ဇော်စိုး–ဒေါ်သူဇာနွယ်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပုလဲစာပေ (တောင်တွင်းကြီး)၏ ကျေးဇူးရှင် ဖခင်ကြီး ဦးတင်အုန်း အသက် (၈၀) သည် ၁၉–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပုလဲစာပေ(တောင်တွင်းကြီး)
ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်လေးနွယ်
အသက် (၃၄)နှစ်

အင်းလေးဖိနပ်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနမှ ဦးနေမျိုးအောင် (စာရင်းကိုင်ချုပ်) ၏ ဇနီးဒေါ်ခင်လေးနွယ် အသက် (၃၄)နှစ်သည် ၂၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ၊
အင်းလေးဖိနပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်။

Old English Mastiff ရောင်းရန်

မိုးအေးအေးမှာ စိတ်ချလက်ချ အိပ်နိုင်ဖို့၊ မိမိအိမ်ခြံဝင်းကို နေ့/ညလုံခြုံရေးတာဝန်ယူမည့် လူကြိုက်များပြီး အသိဉာဏ်မြင့်မား၍ ထူးကျွင်းသန်မာသော Mastiff ခွေးကြီးမျိုး Import မှပေါက်သော (၂)လခွဲ Mastiff သားပေါက်လေးများ ဦးရာလူ ရောင်းမည်။

အမှတ် ၁၁၉၆၊ ခ/၁လမ်း မြို့သစ်၊ အင်းစိန်။

မန္တလေး တူးတူး
မြန်မာထမင်းဆိုင်

မြန်မာထမင်း ဟင်း ကောင်းကောင်း သုံးဆောင်လိုသော မိတ်ဟောင်းမိတ်သစ်များအတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်ကို စမ်းသာ – ရန်ကုန်ဘူတာကြီးတွင် နေ့စဉ် နံနက် (၁၁:၀၀) နာရီ မှ ည (၈:၀၀) နာရီ အထိ ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပါပြီ။

(အဖေအေးစနစ်ဖြင့်လည်းသုံးဆောင်နိုင်ပါသည်။)

စမ်းသာ – ရန်ကုန်ဘူတာကြီး
ဖုန်း – ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၁၁၁

ဝန်ထမ်းအလိုရှိသည်

(1) Sales Promoter
(2) Sales Representative
(3) Assistant Marketing Manager
(4) Translator

Royal Rose

Royal Rose မှ ...

သင်တန်း ဖွင့်ရက် (Wed) Sept 15, 2004

No. 402(A), 14th Street, Ward No. 3
South Okkalapa. Phone: 562 094

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖော်ပြစေအောင်ဖတ်ပါ) ဖုန်း – ၂၄၈၀၆၄

သမားတော်ကြီး ဝီရှား၊ လိပ်ခေါင်း၊ဂရင်ဂျီနာ အထူးကု

ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ် အမက (၉) ဒုတိယတန်း (B)မှ မောင်လွင်မိုး၊ မဆုပြည့်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဟုန်စိန် ၁၂/ဥကတ (နိုင်) ၁၁၉၂၄၆ ဖြစ်ပါသည်။ ဦးဟုန်စိန်။

အေးမြန်မာဆေးခန်း

ဦးနှောက်နဲ့ စိတ်ပိုင်းဆိုင်ရာ ရောဂါများအတွက် ကျွမ်းကျင်သော ကုသမှု (HIV)လို ခက်နေတဲ့ ရောဂါ အထွေထွေအတွက် အကောင်းဆုံး အကြံဉာဏ်နဲ့ အားတက်စရာဖက်စပ်ကုထုံး၊ နှမ်းပါးသူ လုပ်အားအလှူ။

ဖုန်း ၀၁–၅၃၈၀၂၀။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၇၀၇၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်) သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
မာမက်ဟာရှင်လိုတီးယား(ခ)
ဦးချိုတာ
လျှပ်စစ် (တ)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ကျန်းမာရေးဦးစီးဌာန
အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ၃၉လမ်း၊ အမှတ် ၁၈၀ နေ ဦးပါလေး–(ဒေါ်မမကြီး)တို့၏သား၊ ပုဇွန်တောင်မြို့နယ်၊ ၅၆ လမ်း၊ အမှတ် (၁၉)(CD)(၇–လွှာ၀)နေ ဒေါ်ဖရီဒါ၏ ခင်ပွန်း၊ ဦးဆန်းညွန့်၊ ဒေါ်တင်ရီ၊ ဦးလှမြင့်၊ ဒေါ်ခင်စု၏ မောင်(ညီ)၊ ဦးမောင်ဝင်း၊ ဒေါ်ခင်သန်းအေး၊ ဒေါ်ခင်သန်းမြင့်(လယ်/ယာ ထွက်ကုန်ရုံးချုပ်)၊ ဦးလှရွှေ၊ ဒေါ်စန်းရီတို့၏ အစ်ကို၊ ဦးစိုးသိန်း၊ ဒေါ်တင်မျိုးခိုင်၊ ဒေါ်စိုးမျိုးခိုင်၊ ဦးမောင်ဌေး၊ ဒေါ်စိုးစန္ဒာ၊ ဦးအောင်စိုး၊ ဒေါ်စန်းစန်းအေးတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၂–၈–၂၀၀၄ရက် နံနက် ၁၀:၃၀ နာရီတွင် အလ္လာရှင်မြတ် အမိန့်တော် ခံယူသွားပါ၍ ၂၂–၈–၂၀၀၄ ရက် ဇိုဟိုနာမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင် ဒါဖနာပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

အမည်ပြောင်း

အထက(၃)ဒဂုံ(မြောက်ပိုင်း) ဆဋ္ဌမတန်း (G)မှ မလဲ့ဟန်နီအောင်အား မဧကရီဖူး ဟု ပြောင်းခေါ်ရန်နှင့် ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် ဖြစ်ပါသည်။

အမည်ပြောင်းလဲခေါ်ပါရန်

ဗန်းမော်မြို့၊ အလယ်ရပ် ဦးအေးကို–ဒေါ်နှင်းခိုင်တို့၏သမီး မန္တလေးမြို့ အထက(၆) ဒသမတန်း (ဂ)မှ မမိုးမိုးခက်အား မမိုးမိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မမိုးမိုးထက်။**

တိုက်ခန်းရောင်းရန်ရှိသည်

အမှတ်(၉)၊ (၉၉)လမ်း၊ တိုက်(၃)၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာစက်မှုဇုန်။ အဆင့်မြင့် ပြင်ဆင်ပြီး၊ Air Con နှစ်လုံးပါသည်။ ဦးရာလူ ဦးစားပေးမည်။ အလျှော့အတင်းရှိသည်။

ဆက်သွယ်ရမည့်ဖုန်း–
မနီနီခိုင် ၇၂၆၇၅၂၊
၇၀၀၂၁၈၊၆၃၆၄၈
(ဦးကြည်စိုးမော်–ဖုန်း ၅၃၆၆၀၁)

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ၁ယ/ ၄၆၃၄၃၊ ၁ယ/ ၁၄၀၄၈ လက်ဝယ်ရှိသူက(ကမ–၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာ ပါသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (မအူပင်) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(မအူပင်)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၁၈၃၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန တိုင်းရုံး(ပဲခူး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန(ပဲခူးတိုင်း)။

ကျေးဇူးတင်ရှိခြင်း
ဦးအောင်မြင့် (အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ငြိမ်း) (တာမွေ)
အသက်(၈၄)နှစ်

၂၀–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော ဖခင်ကြီးအား နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော သျှင်ပါကူအထူးကုဆေးခန်းမှ အထွေထွေ မန်နေဂျာ၊ သမားတော်ကြီးများနှင့် သူနာပြုများ၊ စစ်တက္ကသိုလ်နှင့်စိန်ပေါလ် ကျောင်းမှ သားတို့၏ သူငယ်ချင်းများ၊ စစ်ကိုင်းတိုင်း ကလေးခရိုင်မှ ဌာန ဆိုင်ရာနှင့် ရပ်မိရပ်ဖများ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရန်ကင်းမြို့နယ် ပညာရေးမိသားစု၊ လဝကဌာန၊ ဒဂုံတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှကူညီနှစ်သိမ့် အားပေးကြသူများ အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး (မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်)
ဦးခင်မောင်ဝင်း (မော်ကျွန်း)
အသက်(၅၉)နှစ်

တောင်ငူမြို့ ကေတုမတီရပ်နေ (ဦးသာမြိုင်–ဒေါ်စောတင်)တို့၏သား၊ မော်ကျွန်းမြို့နယ် (ဦးဘဟန်–ဒေါ်ကျင်ရှိန်)တို့၏သားသမက်၊ မော်လမြိုင်ကျွန်းမြို့ မြို့မ (၃)ရပ်ကွက်၊ အမှတ် (၁၃) အောင်ဆန်း (၇)လမ်းနေ ဒေါ်စန်းလှ (ဝင်းမိသားစု) ထမင်းဆိုင် အောင်သာယာဈေး၏ ခင်ပွန်း၊ မောင်ဌေးမြင့် (ခ) အာမီ၊ မောင်ဝင်းမြင့်၊ မောင်ဌေးဝင်းတို့၏ ဖခင်၊ တာတီးဖိုး၊ ပါဂျယ်ကြီး၊ ဖိုးသားလေးတို့၏ အဘိုးသည် ၂၄–၈–၂၀၀၄ ရက် (အင်္ဂါနေ့) ည ၈:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ဌေးဌေးဒွေး
အသက်(၅၆)နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၂၈၄)နေ (ဒေါက်တာဒွေး–ဒေါ်မြလေး) ဒွေးမျက်မှန်တို့၏သမီး၊ ဦးကျော်စိုး–Annar၊ ဦးကျော်မိုး–ဒေါ်ဝင်းမင်းသန်း၊ ဦးကျော်မင်း၊ ဦးရဲနောင်ထွန်း–ဒေါ်မော်မော်သန်း၊ ဒေါက်တာသန်းဝင်း–ဒေါ်မြင့်မြင့်ကြူ၊ ဦးမိုးကြည်ဖြူ–ဒေါ်နှင်းနှင်းနု၊ ဦးစိုးမင်း–ဒေါ်စိုးစိုးရီ၊ မရည်မွန်မြင့်၊ မောင်ထက်စည်သူ၊ မတင်နွယ်စိုး၊ မခင်မေစိုး၊ မအိအိစိုး၊ ကိုမြတ်ဇော်လင်း၊ မကေခိုင်ဝင့်၊ မဆုမွန်မျိုး၊ မမေမျိုးသူ၊မမိုးဆုမွန်၊ မောင်မိုးပိုင်စိုး၊ ကိုမျိုးသူရ၊မောင်ထက်မြက်မျိုး၊ မောင်ဖြိုးသက်ခိုင်တို့၏ အဒေါ်၊ ကြီးဒေါ်သည် ၂၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၈–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူ တူ၊ တူမများ။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း ဒါယိကာမကြီး
ဒေါ်ညွန့်တင် (မိုးညှင်းယောဂီ)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂ လမ်း၊ အမှတ် ၇၇ နေ (ဦးအောင်ကြူ–ဒေါ်ကြီး)တို့၏သမီး၊ ဦးထွန်းတင်၏ဇနီး၊ ဦးအေးမြင့်–ဒေါ်မြင့်မြင့်ရွှေ(သိမ်ကြီးဈေး–အေရုံ)၊ ဦးနေဝင်း–ဒေါ်ရီ(သိရိမင်္ဂလာဈေး)၊ မလှလှဌေး(ခ) မငယ်(သိမ်ကြီးဈေး–အေရုံ)၊ကိုစိုးလွင်–မမြင့်မြင့်သန်း (တောင်တွင်းကြီး)၊ ကိုကျော်နိုင်(သိမ်ကြီးဈေး–အေရုံ)၊ မောင်စိုးလင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

သားအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

နိုင်ငံသားအမှတ် ၁၃/တခလ (နိုင်) ၀၀၀၄၈၇ ကိုင်ဆောင်သူ မောင်မျိုးလှိုင်ဦးသည် မိခင်အပေါ်တွင် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ဆိုးသွမ်းပြုမူနေပါ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ဝင်း
၁၃/တခလ(နိုင်) ၀၂၆၁၆၀
အမှတ်(၃/၉၉) ကမ်းနားလမ်း၊
တာလော့ရပ်၊ တာချီလိတ်မြို့။

ဦးလှမောင် (ကျိုက်လတ်မြို့) အသက်(၉၂)နှစ်

(ဦးမဲ့–ဒေါ်နှင်းမယ်)တို့၏သားကြီး၊ (ဦးစိမ်းမောင် – ဒေါ်သန်းညွန့်)တို့၏ သားသမက်၊(ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဒေါ်တင်တင်လှ၊ (ဦးသိန်းထွန်း)–ဒေါ်တင်တင်မြ၊ ဦးလှမင်း–ဒေါ်ခင်လှကြည် (PMG. Co.)၊(ဦးကျော်မြင့်)–ဒေါ်ဖြူဖြူ၊ ဦးတင်မောင်ထွန်း(Geo.BCS Co.)–ဒေါ်စုစုမွန်(Panthu Geo-logical Service)၊ ဦးတင်မောင်ထွဋ်–ဒေါ်တူးတူးတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဦးထင်ကျော်–ဒေါ်စဝ်ဘိုခမ်း)၊ (ဦးလွန်းတင်–ဒေါ်နုနု)၊ ဦးသန်းလှိုင်–ဒေါ်ခင် မြင့်မြင့်၊ (ဦးဝင်းဖေ)–ဒေါ်ခင်ညိုညို၊ ဦးအောင်မြင့် – ဒေါ်ဝင်းကြည်တို့၏ အစ်ကိုကြီးသည် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) နေ့လယ်တွင် ကွယ်လွန် သွားပါသဖြင့် ၂၇–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်လတ်မြို့ သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် သ/၂၄၀၊ နှစ်ဆန်း ဗန်နတီယာဉ်၏ ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃) ပျောက်ဆုံးသွားပါ၍ ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန(ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး)(အင်းစိန်) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ခရိုင်ရုံး)၊ အင်းစိန်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း နေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းအမ
ဒေါ်အေးသွယ် (နတ်မောက်) အသက်(၈၇)နှစ်

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးတင်ဦး၏ ချစ်လှစွာသောမိခင်ကြီး ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုသံအမတ်ကြီး။
Mr. Chanthavy Bodhisane နှင့်ဇနီး။
ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံးဝန်ထမ်းများမိသားစု။

ဒေါ်အေးမူ(ခ)အမာ (ပြည်မြို့)
အသက်(၈၂)နှစ်

ပြည်မြို့နေ(ဦးတင်–ဒေါ်ရှင်)တို့၏သမီး၊ (ဦးမြ)၊(ဦးကျော်လှ)–ဒေါ်ဝင်းကြည်တို့၏ညီမ၊ ဦးအုန်းဆိုင်–(ဒေါ်တင်တင်အေး)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံလမ်း၊ ရွှေဂုံရိပ်သာတိုက် ၁၊ အခန်း ၈ နေ ဒေါ်အေးမူ(ခ)အမာသည် ၂၆–၈–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်အေး
အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ် ၁၈(အီး)နေ (ဦးထွန်းခင်–ဒေါ်သဲခင်)တို့၏သမီး၊ (ဦးကျော်ဟန်–ဒေါ်ဖွားသီ)တို့၏သမီးချွေးမ၊ ဒေါ်လှအေး၏ညီမ၊ ဒေါ်ကျင်သောင်း၏အစ်မ၊ ဦးအောင်မြင့်(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ဇနီး၊ ဒေါ်အေးအေးသန်း(အလပြ၊ အမက–၅၊ တောင်ဒဂုံ)–ဦးသိန်းဝင်း(AWPM)၊ ဒေါ်လဲ့လဲ့ဝင်း–ဦးသန်းဦး(Uniteam)၊ ဦးစိုးရ(2nd Mate FG Lizstar)–ဒေါ်နီလာမျိုးဦး၊ ဒေါ်အိအိခင်–ဦးတင်မောင်မြင့်(ခေတ္တ–ဂျပန်)၊ မမြင့်သူဇာ(AWPM)၊ မလှသဒ္ဒါ(AWPM၊ 1st Japanses UFL)တို့၏မိခင်၊ မထူးနန္ဒာဦး(G-VII အထက–၂၊ လသာ)၊ မအိသန္တာဖြိုး(G-IV၊ အထက–၂၊ လသာ)၊ မောင်အုပ်စိုးရ (KG၊ အထက–၁၊ ဒဂုံ)၊ မမြင့်မြတ်နိုးအောင်တို့၏ အဘွားသည် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးခင်မြင့် (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၃၆)
အသက်(၆၄)နှစ်

ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့နေ (ဦးကုလားကြီး–ဒေါ်မယ်ဟန်)တို့၏သား၊ (ဦးထွန်းစိန်–ဒေါ်လှရင်)တို့၏သားသမက်၊ မန္တလေးမြို့၊ ဈ–၁/၂၁၊ ဒေလီယာလမ်း၊ ၆၁ x ၆ လမ်းကြားနေ ဒေါ်ယဉ်တင့်(S.A.T၊ ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်သီဟ(လေ)၊ ဦးအောင်ထွဋ်ပိုင်(ကထိက၊ မြို့ပြ G.T.C၊ မော်လမြိုင်)၊ ကိုအောင်ဇာနည်ထွန်း (B.E Mech)တို့၏ဖခင်သည် ၂၆–၈–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စောဦး
အသက်(၈၀)

(ဦးလှအောင်–ဒေါ်မမကြီး)တို့၏သမီးကြီး၊ (ဒေါ်ရီဝင်းဆွေ) ဗိုလ်ကြီးရဲမြင့်အောင်(ငြိမ်း)–ဒေါ်ပုံပုံ၊ ရဲမှူးချုပ်အောင်နွယ်(ငြိမ်း) (ဒုဉက္ကဋ္ဌ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်)၊ ဒေါ်မြမြချစ်တို့၏အစ်မကြီး၊ တူ တူမ ကိုးယောက်၊ မြေး ၁၃ ယောက်တို့၏ဘွားဘွားကြီးသည် မဟာမြိုင်အထူးကုဆေးခန်း၌ ၂၅–၈–၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၈–၂၀၀၄ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၂၂၅၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရွှေ (သထုံ)
အသက်(၉၇)နှစ်

အင်းစိန်မြို့၊ ရွာမ(အရှေ့)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၈/က နေ သထုံမြို့ အငြိမ်းစားရဲအရာရှိ(ဦးဘသွင်)၏ဇနီး၊ (ဦးဘချစ်–ဒေါ်ကျင်မြောင်)တို့၏ သမီး၊ ဦးအောင်ကြီး–ဒေါ်မြရီ၊ ဦးမင်းနောင်(ခ)ဦးရွှေခင်–ဒေါ်ခင်သန်းနွဲ့၊ ဦးအောင်သန်း–ဒေါ်တင်တင်အေး၊ ဦးထွန်းရွှေ–ဒေါ်မြင့်မြင့်တို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၂၄ ယောက်တို့၏ဘွားဘွားကြီးသည် ၂၆–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ၁–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သူအားရည်စူး၍ ယင်းနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသန်းအောင် (ငါးသိုင်းချောင်း)
အသက်(၆၆)နှစ်

